ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ **(8-6-2004)** (၄၂၅၈)

နိဗ္ဗာန သစ္ဆိကိရိယာ စ တေံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေး၊ စီးပွားရေးအဆက်အသွယ်များ သိသိသာသာတိုးတက်လာ
အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ပေါ်ရေး များစွာအထောက်အကူဖြစ်
အာဆီယံစီးပွားရေးအသိုက်အမြုံ ပေါ်ထွန်းလာရေး မြန်မာနိုင်ငံက အပြည့်အဝထောက်ခံ

ရန်ကုန် ဇွန် ၇

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေးကောင်စီအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းညီလာခံနှင့် (၆၁)ကြိမ်မြောက် အာဆီယံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကောင်စီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများနှင့် အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဇဟိုအလုပ်အမှုဆောင်များနှင့် အကြံပေးပုဂ္ဂိုလ်များ၊ အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI) ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှု မြှင့်တင်ရေးကောင်စီ (CCPIT) ဥက္ကဋ္ဌ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

မှတ်တမ်းတင် ဓာတ်ပုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့များ စာတမ်းများ ဖတ်ကြားတင်ပြ သဘာပတိအဖွဲ့များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တို့သည် စာတမ်းများ ဖတ်ကြားတင်ပြခြင်းတို့ကိုလည်းကောင်း၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့သည် သဘာပတိအဖွဲ့များ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ
The Mirror
၈-၆-၂၀၀၄
(အင်္ဂါနေ့)

ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ထိန်းသိမ်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည် အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ မြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် နိုင်ငံတော်ကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းများကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ကြီး ဘက်စုံ၊ ကဏ္ဍစုံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံအတွင်းရှိ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စုစည်းညီညွတ်သောစွမ်းပကားကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာများသာမက စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်စွမ်းဆောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း စနစ်တကျ စီမံဖန်တီးပေးလျက်ရှိသည်။

ယနေ့ နိုင်ငံတကာ၏အခြေအနေနှင့် ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား နစ်နာဆုံးရှုံးမှုမရှိစေရန် အားထုတ်ကြိုးပမ်းနေရသော အချိန်အခါဖြစ်သည်။

ထို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးအချို့က နိုင်ငံရေးပယောဂယှက်နွယ်ပြီး မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို အသုံးပြုပြီး ဖိအားပေးအကျပ်ကိုင်မှုများဖြင့် နှောင့်ယှက်လျက်ရှိနေကြသည်။ အဆိုပါ နိုင်ငံကြီးအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများကလည်း နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းမှုများကို ဖျက်လိုဖျက်ဆီး လှုပ်ရှားလုပ်ကိုင်လျက်ရှိနေသည်ကို တွေ့မြင် သိရှိနေရသည်။

ယင်းသို့သော အချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားစေရန် အင်ပြည့်အားပြည့်ဖြင့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါးသြဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် စီမံကိန်းတို့ကို အရှိန်အဟုန်ဖြင့် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်တစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သောစွမ်းပကားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ မှီတင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ ဖြစ်ထွန်းရရှိနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ရေးတို့အတွက် တိုင်းရင်းသားပြည်သူအားလုံးက တစည်းတလုံးတည်းသော ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တစ်သွေးတည်း၊ တစ်သားတည်း တက်ညီလက်ညီ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် မှန်ဘီလူး အခု ၁၀၀နှင့် ဆေးပညာစာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ပြည်ပရောက် ဩ့ပါမောက္ခ ဒေါက်တာခင်မောင်တူးနှင့် ဇနီး ဒေါက်တာဌေးဌေးနွယ်၊ သား မောင်ထူးမြတ်၊ သမီး ဒေါက်တာယဉ်နွယ်ဦး၊ သမီး ပွင့်ဖြူဖြူတို့က ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ Inter Ocular Lens (I.O.L) အခု ၁၀၀ နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဩ့ရိပ်သာဥ့ကျင်းပရာ အခမ်းအနားသို့ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် အငြိမ်းစား အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်တူးက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ (I.O.L) အခု ၁၀၀ နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းပြီး လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက (I.O.L) အခု ၁၀၀ နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀ တို့ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေါက်တာခင်မောင်တူး (အငြိမ်းစား) အရိုးအထူးကု ဆရာဝန်ကြီး မိသားစုက Inter Ocular Lens (I.O.L) အခု ၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀တို့အား ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လွှဲပြောင်းလှူဒါန်း

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက (I.O.L) အခု ၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀တို့ကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာသံအမတ်ကြီး ဦးအေး ကနေဒါနိုင်ငံ ဘုရင်ခံချုပ်ထံ ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၈

ကနေဒါနိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် မေ ၂၇ရက်တွင် အော်တာဝါမြို့၌ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စအွန်ဒရီယန်၊ ကလာခ်ဆင်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ (သတင်းစဉ်)

မြန်မာသံအမတ်ကြီး ဦးသိန်းလွင် မွန်ဂိုလီးယားသမ္မတထံ ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၈

မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် မေ ၁၁ရက်တွင် အူလန်ဘာတာမြို့၌ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ နာချာဂျင်ဘာဂါဘမ်ဒီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မေတ္တာထားကြပုံက

* နိုင်ငံရပ်ခြား၊ ရေမြေခြားတွင်
မွေးဖွားသောသူ၊ မူယူကွဲပြား
မျိုးဇာတ်ခြားသူ၊ ထိုထိုသူက
ဒို့ဘဝတွက်၊ တိုးတက်စေရန်
စိတ်ရည်သန်လျက်၊ လုပ်ကြံစကား
ညီနောင်ကြားတွင်၊ ပွားများသံသယ
သွေးကွဲရအောင်၊ ကြံဆောင်နေခြင်း
အကြောင်းရင်းကား၊ ဒို့များမြန်ပြည်
ဒို့နောင်ညီပေါ်၊ စေ့ဆော်စေတနာ
ထားမေတ္တာသာ၊ အစစ်ပါ-တဲ့။

* မွေးရပ်စွန့်ခွာ၊ သူ့ရပ်ရွာတွင်
သခင်ရှာဖွေ၊ အခြေတကျ
ဘဝဟန်ပန်၊ ရရှိရန်တွက်
ကြံဖန်ကြိုးစား၊ လှုပ်ရှားနေသူ
ထိုထိုသူက၊ မွေးဌာနနေ
မျိုးချစ်တွေ၏၊ ကိုယ့်ဆွေကိုယ့်မျိုး
ဆတိုးချမ်းသာ၊ ကိုယ့်ပြည်သာအောင်
အားမာန်ဆောင်ပြီး၊ ညီနောင်ချင်းချင်း
ညှိနှိုင်းခြင်းတွေ၊ ပြုလုပ်နေမှု
အစုစုကို၊ အဖုအထစ်
မပြေပြစ်ရန်၊ လုပ်ကြံစကား
ဖြေကြားလျက်သာ၊ ရှိနေတာသည်
ကိုယ့်ပြည်မြန်မာ၊
ကိုယ့်ရပ်ရွာနေ၊ ပြည်သူတွေအား
မေတ္တာထား၍၊ စကားရှာဖွေ
ပြောနေရတာ၊ အမှန်ပါ-တဲ့။

* အင်း-သူတို့မေတ္တာ
ကြောက်စရာပဲ၊ တကတဲ(တည်း)။

ပျံလွှား

သစ်တောရယ်၊ ကျွန်းရယ်၊ အနာဂတ်ရယ်

အောင်စည်ဟိန်း

ပူလွန်း၊ အေးလွန်းခြင်း၊ မိုးများလွန်း၊ နည်းလွန်းခြင်း၊ အင်းအိုင်နှင့် ချောင်းရိုးမြောင်းရိုးများ တိမ်ကောခြင်း၊ ရေချိုရှားပါးလာခြင်း၊ မိုးရာသီတွင် အချို့မြို့ရွာများ မကြုံစဖူး ရေလွှမ်းခံရခြင်းစသည့် ရာသီဥတု ဖောက်ပြန်မှု သတင်းမျိုးကို ၂၁ရာစုသို့ ကူးပြောင်းလာသည်နှင့် ပို၍ကြားလာရပါသည်။

၂၀၀၀ပြည့်နှစ် 'ဧပြီ–မေ'လထုတ် တိုင်းမ်မဂ္ဂဇင်းတွင်ပါရှိသည့် မြေကမ္ဘာ နေ့အထူးဆောင်းပါးတွင် တစ်ကမ္ဘာလုံးအပေါ် ခြုံငုံလေ့လာတင်ပြထားချက်အရ ကမ္ဘာ့ရေနက်ကွင်းဧရိယာ၏ ၅၀ရာခိုင်နှုန်းသည် လွန်ခဲ့သည့်နှစ်တစ်ရာအတွင်း ဆုံးရှုံးခဲ့ကြောင်း၊ မြက်ခင်းပြင်ဧရိယာ၏ ၈၀ရာခိုင်နှုန်းသည် မြေဆီယုတ်လျော့မှု ဒဏ်ကို ခံစားနေရကြောင်း၊ ပူပြင်းခြောက်သွေ့မြေဧရိယာ၏ ၂၀ရာခိုင်နှုန်းသည် သဲကန္တာရတစ်ပိုင်းဖြစ်စဉ်ဘက်သို့ ဦးတည်ပြောင်းလဲနေကြောင်း ရေးသား ထားသည်။ ဤသို့ဖြစ်ရခြင်းမှာ အကြောင်းအမျိုးမျိုးရှိသော်လည်း အဓိက အကြောင်းရင်းမှာ သစ်တောပြုန်းတီးမှုကြောင့်ဟု ဆိုနိုင်မည်ထင်ပါသည်။

သမိုင်းတစ်လျှောက် လူတို့သည် သစ်အမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် သုံးခဲ့ကြသည်မှာ နန်းတော်မြို့ရွာ အစ၊ တန်ဆောင်းပြာသာဒ်ကျောင်းဇရပ် အလယ်၊ စားဖိုဆောင်၊ နွားစားကျင်းအဆုံး ဟုဆိုရပါမည်။ ထိုမျှမက ရေးက မီးသင်္ဘော၊ မီးရထားများ၏ ဘွိုင်လာအတွက်လည်းကောင်း၊ သတ္တုအမျိုးမျိုး ကျိုချက်ရာတွင်လည်းကောင်း၊ ရထားလမ်းဇလီဖားတုံးနှင့် ရေလမ်း၊ ကုန်းလမ်း တံတားများ၊ စစ်ဘက်၊ အရပ်ဘက်ဆိုင်ရာ လှေသင်္ဘောများ၊ နွားလှည်း၊ မြင်းလှည်း၊ မော်တော်ကားများတည်ဆောက်ရာတွင်လည်းကောင်း၊ ပရိဘောဂ လုပ်ငန်း၊ ဗိသုကာလုပ်ငန်း၊ သာရေးနာရေးလုပ်ငန်းများတွင်လည်းကောင်း သစ်ကိုအမာခံထားသုံးခဲ့ကြသည်မှာ ထုထည်ကြီးမားလှပါသည်။ ယနေ့တိုင် လည်း မီသွေးဖုတ်၊ ထုံးဖုတ်၊ အုတ်ဖုတ်၊ အိုးလုပ်ရာတွင် လည်းကောင်း၊ သကြားချက်၊ နို့ဆီချက်ရာတွင်လည်းကောင်း သစ်ကိုထင်းအဖြစ် မလွှဲမရှောင် သုံးရဆဲပင်ဖြစ်ပါသည်။

၁၉၃၉ခုနှစ် စာရင်းအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ဧက သန်းပေါင်း ၉၀၁၅ကျော်ရှိခဲ့ရာမှ ၁၉၅၀ပြည့်နှစ်ဝန်းကျင်တွင် ဧကသန်းပေါင်း ၇၅၀၀ခန့်သာ ကျန်ရှိကြောင်းတွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ သဘာဝ အလျောက် ပျက်စီးခြင်း၊ မိုးကြိုးနှင့်လေမုန်တိုင်းကြောင့် ပျက်စီးခြင်း၊ အပူ အအေး လွန်ကဲမှုဒဏ်ကြောင့် ပျက်စီးခြင်း၊ မီးလောင်မှုကြောင့် ပျက်စီးခြင်း၊ တိရစ္ဆာန်တို့၏ ပယောဂကြောင့်ပျက်စီးခြင်း၊ ပိုးမွှားနှင့် မှိုရောဂါကြောင့် ပျက်စီးခြင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များကြောင့် ပျက်စီးခြင်း စသည်တို့ ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများက သစ်တောသစ်ပင် စိုက်ပျိုးပြုစုသည့် ပညာရပ်များပြန့်ပွားရေး၊ မြေလွတ်များတွင် သစ်တောအသစ် များ တိုးချဲ့စိုက်ပျိုးရေး၊ ကြိုးဝိုင်းအဟောင်းများတွင် သစ်တောပြန်လည် စိုက်ပျိုးရေး၊ တည်ရှိဆဲကြိုးဝိုင်းသစ်တောများတွင် မျိုးကောင်းထိန်းသိမ်းရေးနှင့် မျိုးမြှင့်တင်ရေး၊ တန်ဖိုးအမြင့်ဆုံး သစ်တောထွက်ပစ္စည်းများ ထုတ်နိုင်ရန်အတွက် အဆင့်မြင့်စီမံခန့်ခွဲမှုပညာများအသုံးချရေး စသည့်နည်းလမ်းများကို ကျင့်သုံးလျက် ရှိကြောင်း တွေ့ရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ပုဂ္ဂလိက သစ်တောပိုင်ရှင် (Private Forest Owners)များကို ၂၀ရာစု အစောပိုင်းကပင် အားပေးခဲ့ကြောင်း၊ နှစ်ပေါင်းရာချီ၍ အကောင်အထည်ဖော်ရသော လုပ်ငန်းမျိုးဖြစ်၍ မြေနေရာနှင့် မျိုးစေ့အပြင် ကနဦးတည်ထောင်စရိတ်များကို အစိုးရဘက်က ဥပဒေနှင့်အညီ အာမခံချက်ရှိရှိ ထောက်ပံ့ကူညီပေးလေ့ရှိကြောင်း၊ အစိုးရသစ်တောဌာနကလည်း နိုင်ငံပိုင် သစ်တောများထိန်းသိမ်းခြင်း၊ သစ်တောနေ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးကွဲ များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေဝေရေလဲဧရိယာများ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ မြေဆီလွှာများထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အများပြည်သူ အပန်းဖြေဥယျာဉ်များ တည်ထောင်ပေးခြင်းစသည့် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်လေ့ရှိကြောင်း တွေ့ရပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ထင်းရှူးကဲ့သို့ ရွက်ချွန်သစ်တောတစ်ခု ထူထောင်ပုံကို လည်း ယခုလိုတွေ့ရပါသည်။ ဦးစွာ မိဘမျိုးသစ်ပင် (Ideal parent tree)မှ ပုံတူမျိုးပွားကလာပ်စည်း(Daughter cells)များကို ဓာတ်ခွဲခန်းတွင် မွေးမြူပါ သည်။ မျိုးစေ့အောင်မြင်ပြီးနောက် ပြုစုခန်း(Growth Chamber)သို့ ရွှေ့ပြောင်း ထားရှိပါသည်။ ခြောက်လခန့်အရွယ်တွင် ပျိုးစိုက်ခင်း(Nursery ground)သို့ ထပ်မံပြောင်းရွှေ့ ပြုစုပါသည်။ ပျိုးပင်အသက် တစ်နှစ်ခွဲခန့်တွင်မှ အမှန်စိုက်မည့် သစ်တောစိုက်ကွင်းသို့ရွှေ့ယူပြီး တစ်စတုရန်းမိုင်လျှင် အပင် ၆၅၀၀၀၀ နှုန်း စိုက်ပါသည်။ သစ်ပင်အမြင့် နှစ်မီတာကျော်သည်အထိ ပေါင်းသင်ပြုစုပေးရပြီး အသက် ၁၀ နှစ်မှ နှစ် ၂၀ အတွင်း ပင်သေးပင်ညှက်များ ရွေးထုတ်ဖယ်ရှားပေးရပါ သည်။ ထို့ကြောင့် တစ်စတုရန်းမိုင်လျှင် အပင် ၃၉၀၀၀၀ နှုန်းမျှသာကျန်ရှိပါသည်။ မြေဩဇာလိုသည့် ဧရိယာကို မြေဩဇာကျွေးခြင်း၊ ပိုးသတ်ရန်လိုသည့် ဧရိယာကို ပိုးသတ်ခြင်းစသည့် လုပ်ငန်းများကို ဝေဟင်မှ လေယာဉ်ဖြင့်လုပ်ဆောင်ကြပါ သည်။ သက်တမ်းအနှစ်၃၀ရှိသည့်အခါ တချို့ကိုနုတ်ပယ်ပြီး တချို့ကို ပျော့ဖတ် လုပ်ငန်းအတွက် ထုတ်ယူပါသည်။ နှစ်ပေါင်း ၆၀ ကြာသည့်အခါ တစ်စတုရန်းမိုင် တွင် သက်တမ်းရင့်အပင် ၇၈၀၀၀နှုန်းသာ ကျန်ရှိကြောင်းတွေ့ရပြီး သစ်ခွဲစက် အကြီးစားများအတွက် ထုတ်လုပ်ရန်ဖြစ်လျှင် သက်တမ်းနှစ် ၁၀၀ ထိအောင် ဆက်လက်ပြုစုရကြောင်း သိရပါသည်။

၂၀၀၁ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ ကြိုးဝိုင်းသစ်တောဧရိယာမှာ ၂၅၃၈၈၂၂၆ ဧက၊ ကြိုးပြင် ဧရိယာမှာ ၅၉၂၆၆၃၆၃ ဧက စုစုပေါင်းသစ်တော ဧရိယာ ၈၄၆၅၄၅၈၉ဧကဖြစ်ကြောင်း သိရပါသည်။ သစ်တောဧရိယာအတွင်း သဘာဝကျွန်းပင်ပေါက်ရောက်နေမှု ပမာဏမှာ ဧက ၄၀၇၇၁၅၀၀ ခန့်ရှိသည်ဟု တွေ့ရပြီး နိုင်ငံပိုင်ကျွန်းစိုက်ခင်းအနေဖြင့် ဧက ၅၄၃၆၂၀ အထိ ဖြစ်ထွန်းလျက် ရှိကြောင်း သိရပါသည်။

ကျွန်းသစ်ကို အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ လာအိုနှင့်တရုတ်နိုင်ငံတို့တွင်လည်းစိုက်ပျိုးပါသည်။ သို့သော် မြန်မာ့ကျွန်း၏ အရည်အသွေးကို မမီကြောင်းသိရသည်။ မြန်မာ့ကျွန်းသည် ခိုင်ခံ့ခြင်း၊ ပေါ့ပါးခြင်း၊ ရွှေဝါရောင်ရှိပြီး အသားလှခြင်း၊ အနံ့သင်းခြင်း ပန်းကွက်နှင့် အမည်းစင်းများရစ်သန်းခြင်း၊ တွန့်လိမ်ကျုံ့တွမှုမရှိခြင်း၊ အဆီဩဇာ ဓာတ်ရှိခြင်း၊ မှိုတက်မှုနှင့် ခြစားမှုမရှိခြင်း၊ သင်းသတ်ပြီးပါက ရေတွင်ပေါ်နေခြင်း၊ ဆားငန်ဒဏ်ခံနိုင်ခြင်း၊ သံမှိုများစွဲမြဲပြီး သံချေးမတက်ခြင်း၊ မြေကြီးအတွင်း ဆွေးမြည့်မှုမရှိခြင်း၊ လေးလံဝန်ကိုခံနိုင်ခြင်းစသည့် အရည်အသွေးများကြောင့် ကမ္ဘာကျော်လျက်ရှိနေပါသည်။

သုတေသီများ၏မှတ်တမ်းများအရ ၁၆ရာစုကပင် အာရပ်ကုန်သည်များက မြန်မာ့ကျွန်းကို သုံးခဲ့ဖူးကြောင်း၊ ၁၈ရာစုတွင် ပြင်သစ်တို့က မြန်မာ့ကျွန်းဖြင့် သင်္ဘောများတည်ဆောက်ခဲ့ကြောင်း၊ ၁၈၂၆ခုနှစ် ရခိုင်နှင့် တနင်္သာရီဒေသကို ဗြိတိသျှတို့သိမ်းယူပြီးချိန်မှစ၍ မြန်မာ့သစ်တောများ စည်းမဲ့ကမ်းမဲ့ ထုတ်ယူခြင်း ခံခဲ့ရကြောင်း၊ ၁၈၈၅–၈၆ခုနှစ် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့သိမ်းယူပြီးနောက် မြန်မာ့သစ်များကို ဂျပန်၊အိန္ဒိယ၊သီရိလင်္ကာ၊ မောရစ်သျှ၊ အရှေ့တောင်အာရှ ကျွန်းဆွယ်နှင့်ဥရောပနိုင်ငံများသို့ ပို၍ပို၍ တင်ပို့ရောင်းချခဲ့ကြောင်း၊ ၁၉၃၉–၄၀ပြည့်နှစ်ခန့်တွင် မြန်မာ့ကျွန်းနှင့်သစ်မာရောင်းချမှုစုစုပေါင်း၏ ၈၀ရာခိုင်နှုန်း ခန့်ကို အိန္ဒိယသို့ရောင်းချခဲ့ကြောင်း၊ ထိုစဉ်ကပင် ဗြိတိသျှတို့က မြန်မာ့ကျွန်းသစ်ကို တောင်အာဖရိက၊ အမေရိက၊ ဆွီဒင်၊ နော်ဝေ စသည့်နိုင်ငံများသို့ ထပ်ဆင့် ရောင်းချနေပြီဖြစ်ကြောင်း သိရှိရပါသည်။

ဗြိတိသျှတို့သည် အိန္ဒိယတောင်ပိုင်းနှင့် အောက်မြန်မာပြည်တို့တွင် စည်းကမ်းမဲ့ သစ်များထုတ်ယူခဲ့သဖြင့် သစ်တောပြုန်းတီးမှုကို တွေ့ရသည့်အခါ ရေရှည်သစ်ထုတ်နိုင်ရေးနှင့် အင်္ဂလိပ်ရေတပ်တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် ဂျာမန်လူမျိုးပညာရှင် ဒေါက်တာ ဘရန်းဒစ်(စ်)ကို ငှားရမ်းပြီး ၁၈၅၂ခုနှစ်မှ ၁၈၅၅ခုနှစ်အတွင်း သစ်တောလေ့လာရေး တာဝန်ပေးအပ်ခဲ့ကြောင်းသိရပါသည်။ ယင်းပညာရှင်က မြန်မာ့ကျွန်း၏တန်ဖိုးကို သိရှိပြီးနောက် ကျွန်းပင်အောက်ခြေမှ လေးပေခန့်အမြင့်နေရာတွင် လုံးပတ်ခုနစ်ပေ၊ ဖြစ်နိုင်လျှင် ခုနစ်ပေခြောက်လက်မ အရွယ်ရောက်မှသာ သင်းသတ်ရန် စည်းကမ်းချက်နှင့် စနစ်တကျရေရှည် သစ်ထုတ်ရေးအစီအစဉ်တို့ကို ဗြိတိသျှတို့ထံတင်ပြခဲ့ကြောင်း သိရပါသည်။

မြန်မာ့သစ်များကို ပြည်ပသို့ ထုတ်ရောင်းခဲ့သည့် တရားဝင်စာရင်းများကို လေ့လာကြည့်သည့်အခါ ၁၈၅၆–၁၈၅၇ခုနှစ်မှ ၁၉၄၇–၄၈ခုနှစ်အထိ ကျွန်းသစ် တန်ချိန် ၁၆ဒသမ ၈သန်းနှင့် သစ်မာတန်ချိန် ၁၄ ဒသမ ၆သန်းကို ဗြိတိသျှ တို့ ထုတ်ရောင်းခဲ့ကြောင်း တွေ့ရပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၉၀–၉၁ခုနှစ်အထိ ကျွန်းသစ်တန်ချိန် ၁၀ ဒသမ ၇သန်းနှင့် သစ်မာတန်ချိန် ၁၅ဒသမ ၈သန်းကျော် ထုတ်ရောင်းခဲ့ကြောင်း တွေ့ရပါသည်။

ကမ္ဘာ့ပေါ်တွင် သစ်နှင့် သစ်တောထွက်ပစ္စည်းရောင်းဝယ်မှု အခြေအနေ မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်၍ နိုင်ငံအချို့ကို ထုတ်နုတ်တင်ပြလိုပါသည်။ ၁၉၉၈ခုနှစ် သစ်တောပစ္စည်းရောင်းဝယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၄၀ကျော်မျှရှိပါသည်။ တရုတ်က ဒေါ်လာ ၁၁၇၇သန်းဖိုး တင်ပို့ပြီး ဒေါ်လာ၈၄၂၂သန်းကျော်ဖိုး တင်သွင်းပါသည်။ အိန္ဒိယက ဒေါ်လာ ၃၇သန်း ကျော်ဖိုးတင်ပို့ပြီး ဒေါ်လာ ၇၇၈သန်းကျော်ဖိုးတင်သွင်းပါသည်။ မလေးရှားက ဒေါ်လာ ၂၅၁၅သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး ဒေါ်လာ ၇၄၆သန်း ကျော်ဖိုးတင်သွင်း ခဲ့ပါသည်။ ထိုင်းက ဒေါ်လာ၇၂၇ သန်းကျော်ဖိုးတင်ပို့ပြီး ဒေါ်လာ ၈၆၃သန်း ကျော်ဖိုး တင်သွင်းခဲ့ပါသည်။ ဖိလစ်ပိုင်က ပို့ကုန်တန်ဖိုး ဒေါ်လာ၆၅သန်း ကျော်ရှိပြီး သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ၄၉၈သန်းကျော်ရှိပါသည်။ ဂျပန်၏ ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၄၅၃သန်းကျော်ရှိပြီး သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၁၁၁၇၃သန်းကျော်ရှိကြောင်းတွေ့ရပါသည်။ ထိုနှစ်က မြန်မာ့သစ်တောပစ္စည်း ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂၂၅သန်းကျော်ရှိပြီး သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၁သန်းကျော် ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတစ်ခုကို ၁၉၉၇ခုနှစ်က ဖွဲ့စည်းခဲ့ပြီး မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များ ထိန်းသိမ်းရင်း စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတကောင်းမွန်ရေး၊ စိုက်ရေးပျိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေး ဘဝ ဖွံ့ဖြိုးရှင်သန်ရေးတို့ကို စီမံဆောင်ရွက်လျက်ရှိပါသည်။ ၁၉၄၈ခုနှစ်ကတည်း က ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာ့သစ်လုပ်ငန်းအနေဖြင့်လည်း နှစ်ပေါင်း ၅၅နှစ်အတွေ့အကြုံအရ ကမ္ဘာ့ခေတ်မီနည်းနာများကိုရယူလျက် သစ်တောဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောသည် မိုးရေကို ထိန်းသိမ်းသိုလှောင်ရင်း စမ်းချောင်း စမ်းပေါက် ရေတွင်းများအတွက် ရေကိုပါသိုလှောင်ပေးနိုင်ခြင်း၊ မြေဆီလွှာ ဩဇာဓာတ်ကို စောင့်ရှောက်ပေးနိုင်ခြင်း၊ သစ်ပင်ဝါးပင်၊ ကြိမ်ပင်၊ လျှော်ပင်၊ သစ်ဥသစ်ဖု၊ သစ်စေးသာမက သစ်ခေါက်ဆိုးဆေး၊ အင်တွဲ၊ ကညင်ဆီ၊ ငှက်သိုက်၊ပျားရည်၊ သားရေနှင့် ဟင်းသီးဟင်းရွက်များကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံတော်၏ ဝင်ငွေကိုပါ တိုးတက်ကြွယ်ဝစေနိုင်သည်ဖြစ်ရာ သစ်တောသည် ရွှေပဒေသာ၊ ငွေပဒေသာပင်များဟု အမွှမ်းတင်ထိုက်ပေသည်။

အချုပ်အားဖြင့် အနာဂတ်မျိုးဆက်များအတွက် ရွှေပဒေသာ ငွေပဒေသာ သစ်တောများ မားမားမတ်မတ် ငွားငွားစွင့်စွင့်တည်တံ့ရေး၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်၊ တိုင်းအဆင့်တို့တွင် သစ်တောသစ်ပင် ပညာပေးရေးနှင့် တိုးတက်စိုက်ပျိုးရေး၊ အစိုးရနှင့် သစ်တောဌာန၏ စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ သစ်တောရေးရာစီမံကိန်းများတွင် ပြည်သူတို့ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်း ဆောင်ရွက်ရေး၊ သစ်တောမပြုန်းတီးအောင် စည်းကမ်းတကျ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေးတာဝန်များသည် နိုင်ငံသားတိုင်းအတွက် မွေးရာပါတာဝန် တစ်ရပ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာ ဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏ ။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၄၅ ၈။ ကရင်ရိုးရာဝတ်စားဆင်ယင်မှု
- ၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၁၅ ၁၃။ ကြေးမုံရုပ်သွင် တေးနှယ်ဉ်
- ၇:၃၀ ၁၄။ မွန်ပြည်နယ် (အပိုင်း–၁)
- ၇:၄၅ ၁၅။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆိုသည်မှာ (အပိုင်း–၄၅)**
- ၂၀။ Calcio Serie A Highlight.
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏ ။

ပန်းသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် ဇွန် ၇

သစ္စာနီ၏ 'တိရစ္ဆာန်ရုံများ ပျောက်ကွယ်တော့မည်လော' ဆောင်းပါး၊ မောင်တည်ငြိမ်၏ 'ပညာနဲ့ ဥစ္စာ'၊ မောင်မောင်မြင့်သိန်း (စက်မှု)၏ 'အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်'၊ မောင်ဆုရှင်၏ 'အစားအသောက်တွင် ထည့်သော အရောအစပ်များ'၊ ရွှေကူမေနှင်း၏ 'ဘဝထဲမှာအလှရှာ' ဆောင်းပါးများ၊ ပြည်တွင်း၊ပြည်ပစီးပွားရေး ဈေးကွက်သတင်းများ၊ ပြည်တွင်းစီးပွားရေး သတင်းဆောင်းပါးများ၊ ပြည်တွင်း၊ ပြည်ပအနုပညာလှုပ်ရှားမှု၊ ပန်းတို့နှင့် သက်ဆိုင်သော ဗဟုသုတစာများ၊ အခြား စိတ်ဝင်စားဖွယ်ရာများပါဝင်သော ပန်းသတင်းဂျာနယ်၊ အတွဲ(၂)၊ အမှတ်(၁၉)ကို New Century Media Group(ဖုန်း–၂၄၃၆၃၃)မှ စီစဉ်ပြီး ယနေ့ဖြန့်ချိလိုက်သည်။ (က–ပ)

အင်းစိန်ညောင်ကန်အေး ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက် (ဒုတိယဝါဆိုလပြည့်နေ့)တွင်ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀ သံဃာတစ်ပါးဆွမ်းစရိတ် ကျပ် ၅၀၀ ယောဂီဥပုသ်သည် ဆွမ်းစရိတ် ကျပ် ၁၀၀နှင့် ထီး ဖိနပ် ဆေးဝါး ပစ္စည်းလေးပါး စသည်တို့ကို ရိပ်သာ ဖုန်း–၆၄၂၂၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** - Trees and Erosicn (အင်္ဂလိပ်စာ–အထူးပြုအားလုံး) ဒုတိယနှစ်
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ" (အပိုင်း–၁၀)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ နှစ်မြှောအသည်း မိုက်ခဲညီနောင်" (အပိုင်း–၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

စစ်ဆန့်ကျင်ရေး ဆန္ဒပြ

ဇွန် ၅ ရက်က ဝါရှင်တန်မြို့ရှိ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၏ နေအိမ်ရှေ့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ပြည်သူအများအပြားကို ကန်တပ်ဖွဲ့ဝင်များ နှိပ်စက်ညှဉ်းပန်း နိုင်ငံတကာဥပဒေကို ဆိုးရွားစွာချိုးဖောက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ပြောကြား

ဂျီနီဗာ ဇွန် ၆

အီရတ်နိုင်ငံမှ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် အီရတ်ပြည်သူ အများအပြားကို နှိပ်စက်ညှဉ်းပန်းနေကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်ပြီး အဆိုပါ အပြုအမူများအား စောင့်ကြည့်ရေးအတွက် နိုင်ငံတကာက ခန့်အပ်သည့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို တာဝန်ပေးရန် တိုက်တွန်းလိုက်သည်။

ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်တွင် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် စွပ်စွဲခံထားရသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် စစ်ရာဇဝတ်မှုများကိုလည်း ကျူးလွန်နိုင်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဘာထရန် ရမ်ချာရစ်က မကြာသေးမီက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

ပြဿနာများရှိ

အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ လူအမြောက်အမြားကို ဖမ်းဆီးထားမှု အပါအဝင် အပေါင်းပါတပ်ဖွဲ့များ၏ ယာယီအာဏာပိုင်အဖွဲ့ (စီပီအေ) လက်အောက်တွင် ဆိုးရွားသည့် လူ့အခွင့်အရေး ပြဿနာများရှိကြောင်း ၎င်းက ပြောကြားသည်။

ထင်တိုင်းကြဲထိန်းသိမ်းဖမ်းဆီးမှုများသည် ၂၀၀၃ခုနှစ်မတ်လက အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်၍ သိမ်းပိုက်ချိန်ကတည်းက ဖြစ်ပေါ်နေသည့် ကိစ္စဖြစ်ကြောင်း ဂျီနီဗာမြို့ရှိ ၎င်း၏ရုံးမှကိုယ်စားလှယ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည့် အီရတ်များက ပြောကြားသည်ဟုကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်အတွက် ရေးထားသည့် အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဘူဂါရိပ် အကျဉ်းထောင်မှ ဖြစ်ရပ်များကို ရှင်းလင်းပြတ်သားစွာ ရည်ညွှန်းသည့်အနေဖြင့် အကျဉ်းသားများအား တမင်တကာ သတ်ဖြတ်မှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် လူမဆန်စွာ ပြုမူမှုတို့သည် နိုင်ငံတကာဥပဒေကို ဆိုးဆိုးရွားရွား ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဒဏ်ရာရ အီရတ်တစ်ဦးကို ကန်တပ်ဖွဲ့က ပစ်သတ်ခဲ့မှု စုံစမ်းစစ်ဆေးနေ

ဝါရှင်တန် ဇွန် ၆

ကားတစ်စီးတွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိထားသော အီရတ်တစ်ဦး လိုက်ပါလာစဉ် ကူဖာမြို့အနီးတွင် ထိုကားကို အရှိန်ပြင်းစွာဖြင့် ဒရောသောပါး လိုက်လံဖမ်းဆီးခဲ့ပြီးနောက် ကားအတွင်းရှိ ဒဏ်ရာရနေသူကို အမေရိကန်တပ်ဖွဲ့ဝင်က သေနတ်ဖြင့် တော့၍ပစ်သတ်ခဲ့သည်။ ထိုကိစ္စကို ယခုအခါ အမေရိကန် စစ်ဘက်က အမှုဖွင့် စုံစမ်းနေပြီဖြစ်ကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက သောကြာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အထက်ပါ အဖြစ်အပျက်သည် မေလ ၂၁ ရက်က ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။ ဒဏ်ရာရနေသော အီရတ်ကို ဝေဒနာခံစားနေရသည့် အဖြစ်မှ သက်သာရာရစေရန် အမှတ်(၁) သံချပ်ကာတပ်မမှ အမေရိကန် တပ်ဖွဲ့ဝင်က ပစ်သတ်ခဲ့သည်ဆိုသော ပြောဆိုချက် မှန်၊မမှန်ကို စစ်ဘက်ရာဇဝတ်မှု စုံစမ်းရေးဌာနက စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဆုံးဖြတ်ပိုင်ခွင့်မရှိ

တပ်ဖွဲ့ဝင်တစ်ဦးသည် အခြားသူတစ်ဦးကို ဝေဒနာ မခံစားရစေရန် ပစ်သတ်သင့်၊မသင့် ဆိုသောကိစ္စကို ဆုံးဖြတ်ပိုင်ခွင့် မရှိပေ။ ထိုသို့ဆောင်ရွက်ခြင်းသည် စစ်စည်းကမ်းကို ချိုးဖောက်ရာ ရောက်စေနိုင်သော အပြုအမူပင်ဖြစ်သည်ဟု ဗဟိုကွပ်ကဲမှုဌာနမှ အရာရှိတစ်ဦးက ဆိုသည်။

လိုက်လံဖမ်းဆီး

အမေရိကန်တပ်ဖွဲ့နှင့် အီရတ်လူမျိုးတစ်ဦး မောင်းနှင်လာသော ယာဉ်ပါသည့် ကားတန်းဆုံမိကြပြီးနောက် တရကြမ်းမောင်းကာ လိုက်လံဖမ်းဆီးသည့်အဖြစ် ပေါ်လာသည်။

ထိုဖြစ်စဉ်တွင် သေနတ်နှင့် ပစ်ခတ်မှုလည်း ဖြစ်ပွားခဲ့သည့်အတွက် အီရတ်ယာဉ်မောင်းသူမှာ အပြင်းအထန် ဒဏ်ရာရရှိသွားသည်။ လိုက်ပါလာသူခရီးသည်မှာ ဒဏ်ရာရသော်လည်း ယာဉ်မောင်းကဲ့သို့ ဒဏ်ရာ ပြင်းထန်ခြင်း မရှိဟုဆိုသည်။

အမေရိကန် တပ်ဖွဲ့ဝင်သည် ယာဉ်မောင်းအနီးသို့ ဆက်လက်ချဉ်းကပ်သွားကာ အနားကပ်၍ ယာဉ်မောင်းကို ပစ်သတ်လိုက်ခြင်းဖြစ်ကြောင်း အစီရင်ခံချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်ရှိ အမေရိကန်အခြေစိုက်စခန်းကို တိုက်ခိုက်ရေးသမားများက ပစ်ခတ်

အယ်ဝါရာ(အာဖဂန်နစ္စတန်) ဇွန် ၆

လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အာဖဂန်နစ္စတန် အရှေ့တောင်ဘက်ရှိ အမေရိကန်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်ဖြင့် ကြာသပတေးနေ့က ပစ်ခတ်တိုက်ခိုက်ပြီး နယ်စပ်ဖြတ်ကျော်ကာ ပါကစ္စတန်နိုင်ငံအတွင်းသို့ ထွက်ပြေးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဖမ်းဆီးထိန်းသိမ်း

နောက်နာရီအနည်းငယ်အကြာတွင် ပါကစ္စတန်နိုင်ငံ အတွင်းဘက် စစ်ဆေးရေးစခန်းတစ်ခု၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ အယ်လ်ခိုင်ဒါ အုပ်စုမှ အသေခံဗုံးခွဲသူဟု ယူဆရသူတစ်ဦး သေဆုံးပြီး စစ်ရဲသုံးဦးလည်း သေဆုံးခဲ့သည်။ အမျိုးသမီးများအဖြစ် ဟန်ဆောင်ထားသည့် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားသုံးဦးကို ပါကစ္စတန်တပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းထားသည်။

ရှင်းလင်းစွာ မသိရ

ပါကစ္စတန်တွင် ဖမ်းဆီးမိသည့် တိုက်ခိုက်ရေးသမားများမှာ အမေရိကန် အခြေစိုက်စခန်းအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်သည့် အုပ်စုမှဟုတ်၊ မဟုတ်ကို ရှင်းလင်းပြတ်သားစွာ မသိရသေးပေ။

အဆိုပါ တိုက်ခိုက်မှုများမှာ အာဖဂန်နစ္စတန်နယ်စပ်ဘက်မှ ၂၅ မိုင်ခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖြတ်သန်းမောင်းနှင်နေစဉ် ၎င်းတို့စီးနင်းလိုက်ပါလာသည့် ယာဉ်တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သောကြာနေ့က ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာကို ပိတ်ဆို့ခဲ့သည့်အတွက် အမေရိကန် ဟမ်းဗီးစစ်ကားမှာ မီးလောင်ပျက်စီးခဲ့ရပြီး ဒဏ်ရာရသူများကို သယ်ယူရွှေ့ပြောင်းပေးခဲ့ကြောင်း အခင်းဖြစ်ပွားရာ နေရာတွင် ရောက်ရှိနေသည့် ရိုက်တာသတင်းထောက်များက ပြောကြားသည်။

ဒဏ်ရာရရှိ

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့်ကားကို တိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်လေးဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ဘဂ္ဂဒက်မြို့တွင် အခြေစိုက်သည့် အမေရိကန် အမှတ်(၁) မြင်းစီးတပ်၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျိမ်းစ်ဟယ်တန်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် အဆိုပါအမေရိကန် ဟမ်းဗီးယာဉ်ကို တိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဒေသခံ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ယာဉ်တန်းဖြင့် ခရီးသွားလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို မကြာခဏဆိုသလို လမ်းဘေးထောင်သည့် ဗုံးများဖြင့် တိုက်ခိုက်တတ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြ

ဝါရှင်တန် ဇွန် ၆

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တွင် ရာပေါင်းများစွာသော စစ်ဆန့်ကျင်ရေး ဆန္ဒပြသမားများသည် အိမ်ဖြူတော်မှ အနောက်ဘက်ကမ်းခြေသို့ စနေနေ့က ချီတက်ဆန္ဒပြပြီး အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှု အဆုံးသတ်ရန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ချက်ချင်းရုပ်သိမ်းရန် တောင်းဆိုကြသည်။

အိမ်ဖြူမှ လမ်းတစ်ဖက်ခြမ်းရှိ ပန်းခြံတွင် စုရုံးရောက်ရှိကြသည့် ဆန္ဒပြသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များ ဌာနေပြန်လာကြဟူ၍ အော်ဟစ်ကြသည်။ အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ်သည် ဥရောပသို့ အလည်အပတ်သွားရောက်လျက်ရှိသည်။ အလားတူ ဆန္ဒပြပွဲများကို လော့စ်အိန်ဂျလိစ်နှင့် ဆန်ဖရန်စစ္စကိုမြို့တို့တွင်လည်း ကျင်းပကြသည်။ ***အင်တာနက်။***

ဇွန် ၄ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် **အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

လုံခြုံရေးစောင့်ကြပ်

ဇွန် ၅ ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမပေါ်တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်သို့ အလည်အပတ်သွားသော ဘုရှ် ဆန့်ကျင်ဆန္ဒပြပွဲများနှင့်ကြုံရ

ပါရီ ဇွန် ၆

ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေသို့ တက်ရောက်တိုက်ခိုက်ခဲ့သောနေ့ အထိမ်းအမှတ်အခမ်းအနားကို ပြင်သစ်နိုင်ငံတွင် ကျင်းပရန်ရှိသည်။ ထိုအခမ်းအနားသို့ တက်ရောက်ရန်လာသော အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ပြင်သစ်နိုင်ငံ သမ္မတဂျက်ရှီရက်တို့ တွေ့ဆုံစဉ် ပြီးခဲ့သည့် စနေနေ့က ပြင်သစ်ပြည်သူထောင်ပေါင်းများစွာတို့သည် ပါရီမြို့၌ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲကို အကြီးအကျယ်ဆင်နွှဲခဲ့ကြသည်။

ပါရီမြို့ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ဆန္ဒပြသမားများသည် 'ဘုရှ်အကြမ်းဖက်သမား နံပါတ် တစ်၊ အီရတ်မှ အမေရိကန်တပ်များ ထွက်သွား'စသော စာတန်းများကို ကိုင်ဆောင်လာကြသည်။ အချို့ကလည်း အမေရိကန်သမ္မတဘုရှ်ကို စစ်ရာဇဝတ်ကောင်အဖြစ် သရုပ်ဖော်ထားသောပုံများပါသည့် တီရှပ်များကို ဝတ်ဆင်လာကြကြောင်းတွေ့ရသည်။

ခန့်မှန်း

ရဲဘက်ဆိုင်ရာများက ဆန္ဒပြသမားဦးရေ ၁၂၀၀၀ မျှရှိသည်ဟု ခန့်မှန်းသည်။ ဆန္ဒပြပွဲ စည်းရုံးစီစဉ်သူများကမူ လူထုအင်အားနှင့် ပတ်သက်၍ ခန့်မှန်းဖော်ပြခြင်း မရှိကြပေ။

ကပ်ခွင့်မပေး

ဆန္ဒပြသမားများက ဘုရှ်ပြန်သွား၊ ဘုရှ်လူသတ်ကောင်စသည်ဖြင့်လည်း ကြွေးကြော်ခဲ့ကြသည်။ သို့ရာတွင် နိုင်ငံခေါင်းဆောင်နှစ်ဦး တွေ့ဆုံနေကြသော အလ်လီဆေး ပြင်သစ်သမ္မတနန်းတော်ဝန်းကျင်သို့မူ ဆန္ဒပြသမားများကို ကပ်ခွင့်မပေးကြောင်း သိရသည်။

ပြင်သစ်အစိုးရသည် အီရတ်စစ်ပွဲကို ဆန့်ကျင်သည်။ ထိုစစ်ပွဲပြဿနာကြောင့် နှစ်နိုင်ငံ အဆင်မပြေဖြစ်ခဲ့ရသည်များကို ဖြေဖျောက်နိုင်စေရန် ရည်ရွယ်၍ အမေရိကန်နှင့် ပြင်သစ်ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။ အနှစ်(၆၀)ပြည့် မဟာမိတ်တပ်များ ကမ်းတက်ပွဲအောင်မြင်စွာ ဆင်နွှဲခဲ့ကြသည့် ဒီဒေးနေ့ အခမ်းအနားများကို ခေါင်းဆောင်နှစ်ဦးတက်ရောက်ရန်ရှိရာ ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိသည်။ ထိုကမ်းတက်အဖွဲ့ကို ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ် ဇွန်လအတွင်း ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

သမ္မတနှစ်ဦး ဆွေးနွေးကြရာတွင် ပြင်သစ်သမ္မတသည် စစ်ဆန့်ကျင်ရေးကိစ္စကို ခိုင်ခိုင်မာမာ ရပ်တည်ပြီး ပြင်သစ်တပ်များကို အီရတ်သို့ မစေလွှတ်ဘဲနေလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း အသက် ၇၀ အရွယ်ရှိ ဆန္ဒပြသမားမက္ကလင်းအင်တိန်းက ပြောကြားသည်။

မိမိသည် အီရတ်တွင် ရှိသမျှ နိုင်ငံခြားသား တပ်ဖွဲ့အားလုံးကို ရုပ်သိမ်းသွားစေချင်သည်။ အမေရိကန် သမ္မတဘုရှ်အတွက် မိမိတို့ စိတ်မကောင်းပါ။ သူသည် သူ့အကျိုးစီးပွား ကလွဲပြီး အခြားဘာကိုမျှ ဂရုမစိုက်သူ ဖြစ်ပါသည်ဟု အသက် ၂၃ နှစ်အရွယ်ရှိ ကျောင်းသူ ဘူဂီပရစ်ဇီက သူမ၏ အမြင်ကို ပြောပြသည်။

စစ်ဆန့်ကျင်ရေး ဆန္ဒပြကြရာ၌ ပြင်သစ်ပြည်ရောက် အမေရိကန်များလည်း ပါဝင်ဆင်နွှဲကြသည်။ အမေရိကန်နိုင်ငံသား ရောဖ်မောက ဆန္ဒပြရာ၌ အမေရိကန်အလံကို ကိုင်ဆောင်လာသည်။ ထိုအလံပေါ်တွင် တောက်ပြောင်သော အရောင်များဖြင့် ၁၉၄၄ ခုနှစ်အတွက် ဂုဏ်ယူဖွယ်၊ ၂၀၀၄ ခုနှစ် အတွက် ရှက်ဖွယ်၊ ကိုယ့်နိုင်ငံအတွက် ကျွန်တော် မျက်ရည်ကျမိသည် စသည်ဖြင့် စာတန်းရေးထိုး ကိုင်ဆောင်လာသည်။

အခြား တံခွန်အလံတစ်ခုပေါ်၌လည်း ကျွန်ုပ်တို့နိုင်ငံကို ကျွန်ုပ်တို့ချစ်သည်။ သမ္မတကိုမူ မုန်းသည်ဟု စာတန်းကြီးရေးထိုးထားသည်။

အခြားဆန္ဒပြသမား အမေရိကန်တစ်ဦးကလည်း သူ့ကိုယ်သူ မျက်ရည်ကျ ငိုကြွေးနေသော အမေရိကန် လစ်ဘာတီ လွတ်လပ်ရေးကြေးရုပ်ကြီးသဖွယ် ပြင်ဆင်လာကာ ဝင်ရောက်ဆင်နွှဲသည်။ သူမက ဘုရှ်သည် အမေရိကန်နိုင်ငံကို စိတ်ဒုက္ခရောက်စေသူဖြစ်သည်။ ဘုရှ်အနေဖြင့် ကမ္ဘာကြီးက မည်သို့ရှုမြင်သဘောထားသည်ကို အလေးဂရုထားသင့်သည်ဟု ပြောကြားသည်။

သမ္မတဘုရှ်သည် ပြင်သစ်ကို မလာမီ အီတလီမြို့တော်သို့လည်း ဝင်ရောက်လည်ပတ်ခဲ့သည်။ ထိုသို့လည်ပတ်စဉ်က ထောင်ပေါင်းများစွာသော အီတလီဆန္ဒပြသမားများ၏ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲနှင့် ပြီးခဲ့သည့် သောကြာနေ့က ကြုံတွေ့ခဲ့ရသေးသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် စစ်ယာဉ်တန်းတိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၆

အမေရိကန်တပ်မှူးများက အီရတ်နိုင်ငံတောင်ပိုင်းတွင် သောကြာနေ့က အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်စဉ် ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် စစ်ယာဉ်တန်းတိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံးက စစ်ယာဉ်တန်းကို ကနဦး ထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယာဉ်တန်းရပ်သွားသည့်အခါ သေနတ်သမားများက အမေရိကန်တပ်ဖွဲ့ဝင်များကို စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ တိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးလည်း ဒဏ်ရာရရှိကြသည်။

ထိုအတောအတွင်း မတည်မငြိမ်ဖြစ်နေသည့် နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါသည် တစ်လခန့်အတွင်း ဒုတိယ အကြိမ်မြောက် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ကြောင်း အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ မြို့လယ်မှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်နှင့် လုံခြုံရေးတာဝန်ကို အီရတ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။

ပြိုင်ဘက်အုပ်စုများ၊ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် မာဒီလက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် ရှီးယိုက်တို့အထွတ်အမြတ်ထားရာ မြို့ကြီးနှစ်မြို့မှ ထွက်ခွာသွားသင့်ကြောင်း နာဂျက်ဖ်မြို့ အုပ်ချုပ်ရေးမှူး ဘက်နင်ဇာဖီကပြောကြားသည်။ အဆိုပါ မြို့နှစ်မြို့မှာ နာဂျက်ဖ်နှင့် အနီးတစ်ဝိုက်ရှိ ကူဖာမြို့တို့ဖြစ်သည်။

နှစ်ဖက်စလုံးအနေဖြင့် အဆိုပါမြို့များအတွင်းသို့ ၎င်းတို့၏တပ်ဖွဲ့ဝင်များကို နောက်တစ်ကြိမ် ဝင်ရောက်ခွင့်မပြုသင့်ကြောင်း ၎င်းကပြောကြားသည်။

သောကြာနေ့က ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း အမေရိကန်တပ်မှူးတစ်ဦး ကပြောကြားသည်။ ***အင်တာနက်။***

အီရတ်တွင် လမ်းဘေးဗုံး ပေါက်ကွဲ၊ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၆

အီရတ်အစိုးရသစ်သို့ အချုပ်အခြာအာဏာ လွှဲပြောင်းမပေးအပ်မီ ရက်သတ္တပတ် အနည်းငယ်အလိုတွင် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့နှင့်ကူဖာမြို့တို့တွင် တင်းမာမှုများ လျော့နည်းချိန်၌ စနေနေ့က အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များကို တိုက်ခိုက်ရာ၌ လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲ၍ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိခဲ့သည်။

ထိုအတောအတွင်း ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါသည် ဩဇာတိက္ကမအရှိဆုံး ဘာသာရေးခေါင်းဆောင်ဖြစ်သည့် အလီအယ်လ်စစ္စတာနီနှင့် နာဂျက်ဖ်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။ ယင်းမှာ ဧပြီလက အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များအပေါ် အမေရိကန် ဆန့်ကျင်သည့် အယ်လ်ဆာဒါက ဆူပူအုံကြွခဲ့ချိန်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်ဟု အယ်လ်ဆာဒါ၏ လက်ထောက်တစ်ဦးက ပြောကြားသည်။

အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအား လမ်းမများပေါ်မှ ဖယ်ရှားရန် သဘောတူညီမှုကို သောကြာနေ့က ကြေညာခဲ့ပြီးနောက် အီရတ်ရဲတပ်ဖွဲ့က ၎င်းတို့၏ ထိန်းချုပ်မှုကို တိုးချဲ့လိုက်သည့်အတွက် နာဂျက်ဖ်မြို့နှင့် ကူဖာမြို့တို့မှာ အေးချမ်းတည်ငြိမ်လျက်ရှိသည်။

အီရတ်နိုင်ငံ၏ အခြားဒေသများတွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး လုံခြုံရေး အခြေအနေ ဆိုးရွားနေရာ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များနှင့် ဇွန် ၃၀ ရက်တွင် အချုပ်အခြာ အာဏာ လွှဲပြောင်းရယူမည့် အီရတ်အစိုးရသစ်တို့အတွက် စိုးရိမ်စရာဖြစ်နေသည်။

လုံခြုံရေးသည် မိမိတို့၏ အီရတ်အစိုးရသစ်အတွက် အရေးပါသည့် တာဝန်များအနက် တစ်ခုဖြစ်ကြောင်း စနေနေ့က တွေ့ဆုံမေးမြန်းခန်းတွင် အီရတ်ဝန်ကြီးချုပ်အသစ် အီယက် အလာဝီက ပြောကြားသည်။

ဆက်ဒမ်ဟူစိန် အစိုးရဖယ်ရှားခံရပြီးနောက် အီရတ်တပ်မတော်ကို ဖျက်သိမ်းရန် လွန်ခဲ့သည့်နှစ်တွင် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ၎င်းက ဝေဖန် ရှုတ်ချလိုက်သည်။

အင်တာနက်။

ဇွန် ၅ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့ အမေရိကန်သံရုံး ရှေ့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာတစ်ဝန်းတွင် ကန်ထုတ်ကုန်ပစ္စည်းများ ရေပန်းစားမှု အကြီးအကျယ်ကျဆင်းလာ

လန်ဒန် ဇွန် ၆

ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ယဉ်ကျေးမှု စံတန်ဖိုးများအား အလေးထားမှုကျဆင်းလာမှုသည် မက်ဒေါ်နယ်လ်၊ ကိုကာကိုလာ၊ နိုက်ကီးနှင့် မိုက္ကရိုဆော့ဖ်စသည့် အမေရိကန်ကုန်အမှတ်တံဆိပ်များ၏ ရေပန်းစားမှုကို အကြီးအကျယ်ထိခိုက်စေနိုင်ကြောင်း စားသုံးသူများ၏ ဆန္ဒသဘောထားကို လေ့လာသည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ကုန်အမှတ်တံဆိပ်ကပ် ထုတ်ကုန်ပစ္စည်းများကို ကြိုက်နှစ်သက်ကာ သုံးစွဲသည့်ဦးရေသည် လွန်ခဲ့သည့်နှစ်က သိသိသာသာကျဆင်းသွားခဲ့ကြောင်း၊ အမေရိကန်ကုန်အမှတ်တံဆိပ်မဟုတ်သော အခြားထုတ်ကုန်များ၏ ရေပန်းစားမှုမှာ အမေရိကန်ထုတ်ကုန်များနှင့် နှိုင်းစာသော် ကောင်းမွန်နေကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသည့် ဂါဒီးယန်းသတင်းစာပါ အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် အင်န်အိုပီဝေါလ် အမည်ရှိ အဖွဲ့အစည်းက ပြုလုပ်ခဲ့သော ယင်း စစ်တမ်းသည် ဇန်နဝါရီလမှ မတ်လအကြားကာလအတွင်း အမေရိကန်ပြည်ထောင်စုပြင်ပရှိ လူ ၃၀၀၀၀ ပေါ်အခြေခံကာ စားသုံးသူများ၏ ဆန္ဒသဘောထားပြောင်းလဲလာမှုများကို လေ့လာထားသည်။

ဗြိတိန်နိုင်ငံတွင် သုတေသီများ၏ လေ့လာချက်အရ အမေရိကန်နှင့် သက်ဆိုင်သော ကုန်အမှတ်တံဆိပ်များကို လူကြိုက်များမှု ကျဆင်းလာနေသည်ဟု သိရသည်။

လွန်ခဲ့သည့် ၁၂ လကာလအတွင်း အမေရိကန်ကုန်ထုတ်ပစ္စည်းများအပေါ် လူကြိုက်များမှု အဆိုးရွားဆုံး ထိခိုက်ခဲ့ရကြောင်း လေ့လာချက်အရသိရသည်။ ***အင်တာနက်။***

မေ ၃၁ ရက်က ဘာကူဘာမြို့တောင်ဘက်တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရသူ အီရတ်တစ်ဦးအား ဆေးရုံတစ်ရုံတွင်တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃၁ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် မော်တော်ကားလမ်း ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၅ရက်က အီရတ် နိုင်ငံမြို့တော်ဘဂ္ဂဒက်ရှိ လေဆိပ်သို့ သွားရာလမ်းပေါ်တွင် ချုံခိုတိုက်ခိုက် မှု ကြောင့် မီးလောင်ပျက်စီးနေသောမော်တော်ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ကြည့်ရှုစစ်ဆေးစဉ်။ (ဓာတ်ပုံ–အင်တာနက်)



အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းထောင်တွင် အဖမ်းခံထားရသော ဆွေမျိုးတစ်ဦးကို တွေ့ဆုံခွင့်မရသဖြင့် ထောင်အပြင်ဘက်တွင် စိတ်ပျက်ဝမ်းနည်းနေသော အီရတ်တစ်ဦးကို ဇွန် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃၁ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူအီရတ်တစ်ဦးကို ဆေးရုံတွင်တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ် မြင်ကွင်း

ဇွန် ၅ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၂ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဆွေမျိုးသားချင်းတစ်ဦး သေဆုံးရမှုအတွက် ငိုကြွေးနေသော အီရတ်အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

လယ်ယာမြေဧက ၃၀၀၀ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသော ရေစကြို မြို့နယ် မင်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် သံရွာစံပြကျေးရွာတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော ၂၅ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့မှ လျှပ်စစ်ဓာတ်အား ၁၅ကီလိုဝပ် ထုတ်လုပ်ပေးနိုင်သည့် ရေအားလျှပ်စစ်စက်ရုံ ရေယူမြောင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ လွယ်တော်ခမ်းတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်လျက်ရှိ
ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို များစွ

အသင်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် အချိန်ကစပြီး ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရအနေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ အာဆီယံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခွဲကိုလည်းကောင်း အဘက်ဘက်က ကူညီပံ့ပိုးခဲ့ကြောင်း၊ မိမိတို့အနေနှင့် အာဆီယံကုန်သည်များနှင့် စက်မှု

နယ်နိမိတ်ချင်း ဆက်စပ်နေသည့်အတွက် တောင်အာရှနှင့်လည်း အဆက်အသွယ်ပြုလုပ်ပေးသည့် နိုင်ငံလည်း ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့အကြား လမ်းပန်းအဆက်အသွယ်များ ရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင် ကူးသန်းရောင်းဝယ်ရေး၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းနှင့် ပြည်သူ

လုပ်ငန်းရှင် အသင်းများကို အထူးပင်
ကြောင်း။

ယနေ့ အစည်းအဝေးမှာ အာ
စီးပွားရေးလုပ်ငန်းရှင်များအကြား အပြန်အ
နှင့် ရင်းနှီးခင်မင်မှုပိုမို မြင့်မားလာ
အာဆီယံ–တရုတ် ချစ်ကြည်ရင်းနှီးမှုကို
သည့် ရလဒ်ကောင်းများ ရရှိစေလိမ့်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တတိယအကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေး ကောင်စီ အစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ညီလာခံ နှင့် (၆၁)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကောင်စီ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

အစည်းအဝေးနှင့် ညီလာခံသို့ တက်ရောက်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းများ၏ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုးတက်လာ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် အရှေ့တောင်အာရှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြားမှာ စားသုံးသူ သန်းပေါင်း ၁၇၀၀ ရှိသည်ကို တွေ့မြင်ရမှာဖြစ်သည့်အပြင် ဤဒေသနှစ်ခု၏ စုစုပေါင်း ဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ နှစ်ထရီလီယံ ဖြစ်သည်ကို တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် ဤဒေသနှစ်ခုသည် ယနေ့ ကမ္ဘာမှာစီးပွားရေးအရ ရှင်သန်ထက်မြက်မှု အရှိဆုံးဒေသများဟု သတ်မှတ်ခြင်းခံရသည့် နေရာများပင်ဖြစ်ကြောင်း၊ ဤနိုင်ငံများ၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မှာလည်း ကောင်းမွန်နေသကဲ့သို့ ဝယ်ယူနိုင်သည့် အင်အားမှာလည်း တစ်နေ့တခြား တိုးတက်လာသည့်အတွက် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး အဆက်အသွယ်များသည် များမကြာမီနှစ်များအတွင်း သိသိသာသာကြီး တိုးတက်လာခဲ့ကြောင်း။

၂၀၀၃ခုနှစ်မှာဆိုလျှင် အာဆီယံ–တရုတ် နှစ်ဖက်ကုန်သွယ်မှုမှာ ယခင်နှစ်ကထက် ၄၃ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၈ဘီလီယံကျော် အထိ တိုးတက်များပြားလာခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၇ သန်းကျော်ဖြစ်ပြီး ယမန်နှစ်ကထက်စာလျှင် ၅၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တစ်ဖက်မှာလည်း အာဆီယံနိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံဖိုး တင်သွင်းခဲ့သည့်အတွက် ယခင်နှစ်ထက်စာလျှင် ၃၁ ရာခိုင်နှုန်း ပိုမိုတိုးတက်များပြားလာခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအလားအလာသည် လာမည့်နှစ်များမှာလည်း ကောင်းမွန်လာမည်ဟု ယူဆသည့်အတွက် အာဆီယံ–တရုတ်ကုန်သွယ်မှု ပမာဏသည် ရည်မှန်းထားသည့်အတိုင်း ၂၀၀၅ခုနှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ဖြစ်လိမ့်မည်ဟု ယုံကြည်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အာဆီယံ–တရုတ် ကုန်သွယ်မှုပမာဏ ပိုမိုမြင့်မားလာခြင်းမှာလည်း အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ပေါ်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ကြောင်း။

အဓိကတွန်းအား

အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းနှင့် တရုတ်နိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှု မြှင့်တင်ရေးကောင်စီတို့အကြား တူညီသည့်ရည်မှန်းချက်ဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တစ်ဦးနှင့် တစ်ဦး ကူညီပံ့ပိုးနေသည်ကို ဝမ်းမြောက်စွာတွေ့မြင်ရ

ကြောင်း၊ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သည့် နေရာမှာ အာဆီယံနှင့် တရုတ်ခေါင်းဆောင်ကြီးများ၏ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်နေသော ပုဂ္ဂလိကကဏ္ဍသည် အဓိကတွန်းအားပေးသည့် အင်အားဖြစ်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်ဖက်စလုံးက အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ပုဂ္ဂလိကကဏ္ဍ အဆက်အသွယ်များနှင့် ကွန်ရက်များကို ပိုမိုကျယ်ပြန့်ခိုင်မာလာအောင် လုပ်ဆောင်ဖို့လိုမှာဖြစ်ကြောင်း။

ယခု ကျင်းပသော တတိယအကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေးကောင်စီ နှစ်ပတ်လည် အစည်းအဝေးမှာ အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ မူဘောင်အတွင်း ပုဂ္ဂလိကကဏ္ဍများ အကြား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပြီးဖြစ်ကြောင်း၊ အချုပ်အားဖြင့် ဤတတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးသည် နောက်ဆုံးအကြိမ် ကျင်းပခဲ့သည့် ကူမင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဆက်လက် အကောင်အထည်ဖော်ရေးအတွက် အပြုသဘော တွန်းအား ပေးသွားမှာဖြစ်ကြောင်း။

၂၀၀၂ခုနှစ် ဇူလိုင်လမှာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှု မြှင့်တင်ရေးကောင်စီ (CCPIT) ဥက္ကဋ္ဌ Mr. Wan Jifei နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

လုပ်ငန်းရှင်များအသင်းသည် အာဆီယံဒေသတစ်ခုလုံးကို လွှမ်းခြုံသည့် အဖွဲ့အစည်းဖြစ်သည်ဟု ခံယူသည့်အပြင် ဤအဖွဲ့အစည်းမှာ အာဆီယံပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များကို ကိုယ်စားပြုရုံသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ ဦးဆောင်မှုပေးပြီး ကူညီပံ့ပိုးနေသော အသင်းကြီး ဖြစ်သည်ဟု ခံယူကြောင်း။

၂၀၀၃ ခုနှစ် အောက်တိုဘာလက ဘာလီမြို့မှာ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံမှာ အာဆီယံ ခေါင်းဆောင်ကြီးများက အာဆီယံပေါင်းစည်းညီညွတ်မှု လမ်းပြမြေပုံနှင့် ၂၀၂၀ မျှော်မှန်းချက်တို့မှာ ဖော်ပြထားသော ဒေသတွင်း စီးပွားရေးပေါင်းစည်းညီညွတ်မှု ပိုမိုခိုင်မာလာစေရေးအတွက် အာဆီယံစီးပွားရေး အသိုက်အမြုံ (ASEAN Economic Community)ကို ထူထောင်ရန် သဘောတူညီခဲ့ကြကြောင်း။

အပြည့်အဝထောက်ခံ

ထိုကဲ့သို့ ထူထောင်ခြင်းအားဖြင့် အာဆီယံဒေသသည် ဈေးကွက်တစ်ခုတည်းအဖြစ် တည်ရှိမှာဖြစ်ပြီး ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် ရင်းနှီးငွေ ပိုမို လွယ်ကူလွတ်လပ်စွာ စီးဆင်းနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် အာဆီယံစီးပွားရေးအတိုင်ပင်ခံကောင်စီ (ASEAN Business Advisory Council) ၏ ကဏ္ဍမှာ တစ်နေ့တခြား ပိုမိုအရေးပါလာမှာဖြစ်ကြောင်း၊ များမကြာမီက ရရှိခဲ့သည့် အောင်မြင်မှုများကို ထောက်ရှုခြင်းအားဖြင့် အာဆီယံအသင်းကြီးအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အမြုံက ချမှတ်ထားသော ရည်မှန်းချက် ပန်းတိုင်များကို မလွဲမသွေ ရရှိသွားမည်ဟု ယုံကြည်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အမြုံ ပေါ်ထွန်းလာရေး အတွက် အပြည့်အဝထောက်ခံပါကြောင်း ပြောကြားလိုကြောင်း။

အာဆီယံ–တရုတ် စီးပွားရေး အဆက်အသွယ်များမှာ အရှေ့တောင်အာရှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အတွက် လွန်စွာအရေးကြီးသကဲ့သို့ ထိုသို့ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသနှစ်ခုစလုံးက ပြည်သူများကို များစွာ အကျိုးပြုလိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများ ဖြစ်ကြသော ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့နှင့်သာမက တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့်လည်း နယ်နိမိတ်ချင်း ဆက်စပ်နေသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်တို့အကြား ပေါင်းကူးတံတား ဖြစ်သည်ဟုလည်း ဆိုနိုင်ကြောင်း၊ ထို့အတူ အိန္ဒိယနိုင်ငံနှင့်လည်း

များအကြား အဆက်အသွယ်များကို ပိုမိုတိုးတက်စေမည့် သုံးနိုင်ငံ လမ်းပန်းအဆက်အသွယ်များကိုလည်း ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်း ပို့ဆောင်ရေးလုပ်ငန်းများမှာ လွန်စွာအချက်အချာကျသည့် နိုင်ငံဟုဆိုနိုင်ကြောင်း။

အထောက်အကူပြု

မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလည်း ရှိနေသည့်အတွက်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို များစွာအထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

အပြည့်အဝထောက်ခံ

မိမိအနေဖြင့် ရန်ကုန်မြို့ရှိ အာဆီယံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အဘက်ဘက်မှ ကူညီပံ့ပိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သော အာဆီယံနိုင်ငံ အသီးသီးရှိ ကုန်သည်ကြီးများနှင့် စက်မှု

ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏
အစစအရာရာ အောင်မြင်ပါစေ၊ မြန်မာနိုင်ငံ
အတွင်း ကိုယ်စိတ်နှလုံး ချမ်းမြေ့ပါစေရန်
တောင်းပါကြောင်း ပြောကြားသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ
နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသ
ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား
တွင် အာဆီယံကုန်သည်များနှင့် စက်မှု
အသင်း (ASEAN-CCI)ကို ၁၉၇၂ခုနှ
ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ဒေသ
EU, NAFTA စသော အခြားဒေသဆိုင်
အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်
ရရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ အာ
စီးပွားရေးလုပ်ငန်းများသည် အာဆီယံအစိုး
ပံ့ပိုးမှုများကြောင့် အောင်မြင်မှုများရရှိနေသ
နိုင်ငံနှင့်လည်း ကုန်းကြောင်းနှင့် ရေကြော
အလုန် ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှု
ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အာဆီယံ–တ
စွာ ကုန်သွယ်မှုနယ်ပယ် (ACFTA)သည်
ကာလအတွင်း စားသုံးသူနှစ်ဘီလီယံကျော်
အဖြစ် ခိုင်မာစွာရပ်တည်လာနိုင်တော့မည်

အာဆီယံကုန်သည်များနှင့် စက်
များအသင်း(ASEAN -CCI) ဥက္ကဋ္ဌ
မောင် နှုတ်ခွန်းဆက်စကား ပြောကြား

ည်ငြိမ်လျက်ရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလည်း ရှိနေ
ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်

လုပ်ငန်းရှင် အသင်းများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း။

ယနေ့ အစည်းအဝေးမှာ အာဆီယံ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များအကြား အပြန်အလှန်ယုံကြည်မှုနှင့် ရင်နှီးခင်မင်မှုပိုမို မြင့်မားလာစေခြင်းအားဖြင့် အာဆီယံ–တရုတ် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်ခံ့စေသည့် ရလဒ်ကောင်းများ ရရှိစေလိမ့်မည်ဟု ယုံကြည်ပြီး

ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ ဆွေးနွေးမှုများ အစစအရာရာ အောင်မြင်ပါစေ၊ မြန်မာနိုင်ငံမှာ ရောက်ရှိစဉ်အတွင်း ကိုယ်စိတ်နှလုံး ချမ်းမြေ့ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI)ကို ၁၉၇၂ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ဒေသတွင်းသာမက EU, NAFTA စသော အခြားဒေသဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်၍ တိုးတက်မှုများ ရရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသည် အာဆီယံအစိုးရများ၏ ကူညီပံ့ပိုးမှုများကြောင့်အောင်မြင်မှုများရရှိနေသည့်အပြင် တရုတ်နိုင်ငံနှင့်လည်း ကုန်းကြောင်းနှင့် ရေကြောင်း၌ပါ အပြန်အလှန် ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အာဆီယံ–တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုနယ်စပ် (ACFTA)သည် ဆယ်နှစ်တာကာလအတွင်း စားသုံးသူနှစ်ဘီလီယံရှိသော ဈေးကွက်ကြီးအဖြစ် ခိုင်မာစွာရပ်တည်လာနိုင်တော့မည်ဖြစ်ပါကြောင်း၊

အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း(ASEAN -CCI) ဥက္ကဋ္ဌ ဦးပြုံးမောင်မောင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

ယခုအခါ အာဆီယံ–တရုတ် စီးပွားရေး ကောင်စီ (ACBC)၏ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပနိုင်ခြင်းအားဖြင့် ACFTA ၏ ဘောင်အတွင်း လုပ်ငန်းများကို ပိုမိုလွယ်ကူ လျင်မြန်ချောမွေ့အောင် ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများ ပိုမိုရရှိတော့မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ (ယူနန်)၊ ထိုင်းနိုင်ငံ (ချင်းမိုင်၊ ကန်ချနာဘူရီ)၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ချင်းထိစပ်နေသည့်အတွက် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့်အပြင် China Kunming Export and Import Commodities Fair, ASEAN Trade Fair နှင့် GMS Trade Fair စသော ကုန်စည်ပြပွဲများသို့လည်း UMFCCI ၏ စည်းရုံးမှုဖြင့် အင်တိုက်အားတိုက် တက်ရောက် ပြသနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)အနေဖြင့် ASEAN-CCI , ASEAN Business Advisory Council (ABAC) နှင့် ASEAN-China Business Council (ACBC) တို့နှင့် ပိုမိုပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) ဥက္ကဋ္ဌ Mr. Wan Jifei က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဝမ်းမြောက်ဂုဏ်ယူ

ယင်းနောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI) ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို ရန်ကုန်မြို့တွင် ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ၂၀၀၂ခုနှစ် ဒီဇင်ဘာလ အတွင်းက ကူမင်းမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ–တရုတ် စီးပွားရေးကောင်စီ (ACBC)၏ ဒုတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးတွင် ဆွေးနွေးရရှိခဲ့သည်များအပေါ် အခြေခံ၍ ယခု တတိယအကြိမ် အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား လွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ် (ACFTA) ဘောင်အတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှု အခြေအနေမှာ အားရဖွယ်ရာ တိုးတက်လာခဲ့ရာ ယခုအခါ အာဆီယံသည် တရုတ်နိုင်ငံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်လာသည့်အပြင် တရုတ်နိုင်ငံသည်လည်း အာဆီယံနိုင်ငံများ၏ ဆဋ္ဌမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းသို့ စီးပွားရေးနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ဖော်ဆောင်ခဲ့သည့် Early Harvest Plan အစီအစဉ်ကြောင့် ပိုမိုတိုးတက်အောင်မြင်မှု ရရှိလာတော့မည်ဖြစ်ပါကြောင်း။

အောင်မြင်မှုခြေလှမ်း

ASEAN-CCI ၏ ဥက္ကဋ္ဌအဖြစ် မိမိဆောင်ရွက်ခဲ့သည့် ကာလအတွင်း အာဆီယံဒေသတွင်းသာမက တရုတ်နိုင်ငံ၏ CCPIT ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများသည် အာဆီယံ–တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ်နှင့် ASEAN Vision 2020 အတွက် အောင်မြင်မှုခြေလှမ်းများပင်ဖြစ်ပါကြောင်း၊ အဆိုပါကာလအတွင်း ASEAN-CCI၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ဦးဆောင်လမ်းညွှန်ပံ့ပိုးပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကိုလည်းကောင်း၊ အစစအရာရာ ကူညီပံ့ပိုးပေးပါသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကိုလည်းကောင်း၊စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ASEAN-CCI အလုပ်အမှုဆောင် အဖွဲ့ဝင်များကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တတိယအကြိမ်မြောက် အာဆီယံ–တရုတ်စီးပွားရေးကောင်စီ အစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းညီလာခံနှင့် (၆၁)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကောင်စီ အစည်းအဝေးတို့ကို ဇွန် ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

စွမ်းအင်က သစ်တောကို နိုင်ပြီး ဗိုလ်လုပွဲတက် ဘဏ္ဍာ/ အခွန်နှင့် ပို့ဆောင်ရေး အကြိုဗိုလ်လုမည်

ရန်ကုန် ဇွန် ၇

၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် စွမ်းအင်အသင်းနှင့် သစ်တောရေးရာအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စွမ်းအင်– နှစ်ဂိုး။

ကျော်မျိုးဟန်(ပိုင်နယ်တီ)နှင့်
သစ်တောမှ အောင်မြင့်သိန်း ကိုယ့်ဂိုးကိုယ်သွင်း

သစ်တောရေးရာအသင်း– တစ်ဂိုး။

(အောင်ထွန်းနိုင်)

အကောင်းဆုံးဆု– ကျော်မျိုးဟန်(စွမ်းအင်)။
ဒိုင်လူကြီး– ဦးထွန်းထွန်း။

ခြေညီသော နှစ်သင်းဖြစ်၍ ဗိုလ်လုပွဲတက်ရေးအတွက် အားရှိသမျှအစွမ်းကုန် ညှစ်ထုတ်ကစားကြ၍ ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း စွမ်းအင်အသင်းက အသင်းလိုက်ကစားကွက် အားကောင်းခြင်း၊ ဂိုးသွင်းခွင့်ရအောင် ဖန်တီးနိုင်ခြင်း၊ အခွင့်အရေးများကို အသုံးချနိုင်ခြင်းတို့ကြောင့် ဗိုလ်လုပွဲတက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ကြိုးစားမှုရှိကြသော်လည်း အချိတ်အဆက်လွဲနေ၍ ပွဲမှာအေးနေခဲ့သည်။ စွမ်းအင်အသင်းသည် စောစောစီးစီး ဂိုးရနိုင်သော်လည်း ဂိုးသွင်းမသေချာခဲ့၍ ၂၅မိနစ်ကျော်မှ ဂိုးစတင်ရရှိခဲ့သည်။ စွမ်းအင်အတွက် အဖွင့်ဂိုးကို ၂၉မိနစ်တွင် အသင်းခေါင်းဆောင် ကျော်မျိုးဟန်က ပိုင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အနိုင်ရနေသော စွမ်းအင်အသင်းကသာ ပွဲချိန်တော်တော်များများ ဖိကစားသွားနိုင်သည်။ ၂၆မိနစ်တွင် စွမ်းအင်၏ ထိုးဖောက်ဂိုးသွင်းမှုကို ကာကွယ်ရင်း သစ်တောနောက်ခံလူ အောင်မြင့်သိန်း ကိုယ့်ဂိုးကိုယ်သွင်းမိသွား၍ စွမ်းအင် ဒုတိယဂိုး ရရှိသွားသည်။ ၄၂မိနစ်၌ စွမ်းအင်မှ ကျော်ခိုင်ဝင်း ကြမ်းတမ်းစွာ ကစားသည်ဟုဆိုကာ ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ပြထုတ်လိုက်သည်။ စွမ်းအင်က ၁၀ဦးတည်းဖြစ်သွား၍ သစ်တောချေပဂိုးရရန် အားပိုထည့်လာရာ တစ်မိနစ်အကြာမှာပင် အောင်ထွန်းနိုင်က ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်သည်။ နှစ်သင်းစလုံး ဆက်လက်၍ ဂိုးမသွင်းနိုင်သဖြင့် စွမ်းအင်က နှစ်ဂိုး–တစ်ဂိုး ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဇွန် ၁၀ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေး(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။(ကြေးမုံ)

စွမ်းအင်မှ ဝေယံမောင်၏ ထိုးဖောက်မှုကို သစ်တောဂိုးသမား ညီညီထွန်းနှင့် နောက်ခံလူများ ကာကွယ်ဖျက်ထုတ်စဉ်။ (ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၇–၆–၂၀၀၄)

ကော့သောင်း	–	၂ ဒသမ ၀၁ လက်မ၊
ပဲခူး	–	၁ ဒသမ ၆၅ လက်မ၊
မိုးကုတ်	–	၁ ဒသမ ၄၂ လက်မ။

သို့... ဦးပါချော

✻ မြို့တစ်မြို့မှာ၊ ကြုံဖူးပါသည်
အရာရာတွင်၊ သူပါချင်လျက်
သူဆင်မှချော၊ ထိုသဘောဖြင့်
ပြောတတ်၊ ဆိုတတ်၊ ကြွားဝါတတ်၍
အရပ်ထဲကသူ့နာမည်
ဦးပါချောဟုခေါ်ကြသည်။

✻ လက်ဖက်ရည်တိုက်၊ ဆေးလိပ်တိုက်၍
တစ်ကိုက်မုန့်လေး၊ သူဝယ်ကျွေးတတ်
ကျွေးတာကိုများ၊ စားမိပြားလျှင်
စားတာနှင့်မျှ၊ မကာရအောင်
ကြားရနားပူ လှဘိကောင်း။
သူများမကောင်း၊ သူသာကောင်း
ဦးပါချော၏ဓာတ်ပြားဟောင်း။

✻ ဦးပါချောထံ၊ တပည့်ခံသော်
ခင်ဟန်မင်ဟန်၊ ကြင်နာဟန်ဖြင့်
ဆံသပ်ကျောသပ်၊ ဆက်ဆံတတ်၏။

✻ တပည့်မခံ ကိုယ့်မာန်ကိုယ့်အား
စွမ်းပကားဖြင့်၊ ကြိုးစားသူကို
ဝန်တိုနှုတ်က၊ အပုပ်ချလျက်
ဒုက္ခပေးရန်၊ အမြဲကြံ၏။

✻ ယနေ့ကမ္ဘာ တိုးတက်လာသော်
ဦးပါချောတွေ၊ ပေါလှချေ၏
ဤမြေမြန်မာ၊ မကပါတည့်
ကမ္ဘာနှင့်ချီ၊ ရှိနေပြီကို
မီဒီယာများ၊ တစ်ဆင့်ကြား၏
တစ်ပါးသူ့အကြောင်း၊ မကောင်းသတင်း
မောင်းနင်းကြေညာ၊ လုပ်ဇာတ်ဖြာ၏
"ငါနှင့်မတူ၊ ငါ့ရန်သူဟု"
"ငါ့မူမလိုက်၊ ထိုသူမိုက်ဟု"
စရိုက်ယွင်းပျက်၊ နိုင်ချင်ကြက်သို့
ဘက်လိုက်ဝါဒ စွဲကိုင်ပေ။
ဦးပါချောတို့ သောင်းကျန်းနေ။

✻ ဩော်...ပြောချင်ရာပြော၊ ဦးပါချောရေ
မောလျှင်ရပ်မှာ၊ ဓမ္မတာပေါ့
မြန်မာပြည်သား၊ တို့အများမှာ
ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်အကျိုးကိုယ်ဆောင်
ကိုယ့်ဘောင်ကိုယ့်စည်း၊ လုံခြုံပြီးသား
ခရီးတစ်လျှောက်၊ ခရီးပေါက်အောင်
လျှောက်မည့်လမ်းစဉ်၊အထင်အရှား
ရှိပြီးသားမို့၊ ကြားဝင်သပ်လျှို
ဘယ်လိုသွေးခွဲ၊ သွေးမကွဲဘူး
အမြဲညီစွာ လက်တွဲမှာ။
ဦးပေါချောတို့သိစေရာ။
အဲ...ဦးပါချောတို့သိစေရာ။
ပါချော ပေါချာ သိပ်မကွာ။
လျှာခလုတ်တိုက် ခေါ်မိရာ။
တစ်ခါတစ်ခါ ခွင့်လွှတ်ပါ။ ။

မြင်းမူ မောင်နိုင်မိုး



❒ **အမျိုးသားညီလာခံမှ**

ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးပြုလုပ်ရာ အလှည့်ကျသဘာပတိ ဦးထွန်းရင်လော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ညီလာခံကိုယ်စားလှယ်ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၆၆ ရှိသဖြင့် အစည်းအဝေးအထ



အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးပြုလုပ်ရာ အလှည့်ကျသဘာပတိ ဦးမောင်လှ(ခေါ်) ဦးလှမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးစောသန်းအောင်နှင့် ဦးမန်းတင်မောင်(ခ) ဦးမန်းမျိုးညွန့်တို့က ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီမိနစ် ၄၀ တွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ပြည်နယ်နှင့်တိုင်းအလိုက် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းသည့် အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်များမှာ ရာခိုင်နှုန်းအားဖြင့် ၉၆ဒသမ၆၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။ ယင်းနောက် အလှည့်ကျသဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ပြည်နယ်တိုင်းအလိုက် အကြံပြုစာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ကချင်ပြည်နယ်မှ ဦးဖုံရိမင်နှင့် ဒေါ်အင်ဘရန်ဒွဲ့ဘူတို့ကလည်းကောင်း၊ ပဲခူးတိုင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ပဲခူးတိုင်းမှ ဦးကျော်တင့်နှင့် ဒေါက်တာသင်းသင်းရီတို့ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး စာတမ်းများကို သဘာပတိထံ ပေးအပ်ကြကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းများဖတ်ကြားခြင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏စာတမ်းကို မန္တလေးတိုင်းမှ ဦးအောင်ထွန်းနှင့် ဒေါ်တင်တင်ဝင်းတို့က ဖတ်ကြားတင်ပြကြပြီး စာတမ်းကို သဘာပတိထံ ပေးအပ်ကာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းဖတ်ခြင်း အစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ပြန်လည်ကျင်းပရာ ရခိုင်ပြည်နယ်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေနှင့် ဒေါ်မခင်ဝင်းတို့ကလည်းကောင်း၊ ဧရာဝတီတိုင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ဧရာဝတီတိုင်းမှ ဦးဇော်ထွန်းနှင့် ဒေါ်နန့်ဥမ္မာမြတို့ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး စာတမ်းများကို သဘာပတိထံ ပေးအပ်ကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့ငယ်ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ရေးသားပြုစုကြသည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၇)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦးရှိသည့်အနက် ၁၀၆ဦးတို့တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၂၅ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဆန်ထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဦးကျော်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးချစ်ခင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့်နှင့် တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းတို့က စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဗိုလ်ချုပ်အောင်သိန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထိ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❋ ညီလာခံကိုယ်စားလှယ်များမှ

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့မှအနုပညာရှင်များ ဖျော်ဖြေတင်ဆက်ရခြင်းနှင့် ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ဂီတနှင့်ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသော အကော်ဒီယံ ဦးအုန်းကျော်၊ တေးသံရှင် မို့မို့ဇော်ဝင်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းဝင်း၊ တေးသံရှင် ကော်နီ၊ တေးသံရှင် ကံ့ကော်တောမျိုးအောင်၊ ရုပ်ရှင်သရုပ်ဆောင် လင်းဇာနည်ဇော်၊ တေးသံရှင် ဘိုဖြူ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မေသဉ္ဇာဦး၊ တေးသံရှင် ခိုင်ထူး၊ တေးသံရှင် စိုးစန္ဒာထွန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်း၊ တေးသံရှင် Rဇာနည်၊ တေးသံရှင် ယုဇန၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ကျော်ရဲအောင်၊ တေးသံရှင် ဖြိုးကြီး၊ တေးသံရှင် ဆုန်သင်းပါရ်၊ ရုပ်ရှင်သရုပ်ဆောင် တင့်တင့်ထွန်း၊ တေးသံရှင် ချစ်ကောင်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရဲအောင်၊ တေးသံရှင် ချောစုခင်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ တေးသံရှင် စိုးပိုင်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရန်အောင်နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မေသန်းနုတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂီတနှင့်ရုပ်ရှင်အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုနားသောတဆင်အားပေးကြသည်။

ယင်းကဲ့သို့ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ရာတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂီတအနုပညာရှင်များအတွက်ချီးမြှင့်ရာ မြန်မာနိုင်ငံဂီတ အစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်က လည်းကောင်း၊ ရုပ်ရှင်အနုပညာရှင်များအတွက်ချီးမြှင့်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်ကလည်းကောင်း လက်ခံကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မိုးသောက်ပန်း(Aurora) တေးဂီတအဖွဲ့နှင့် အသံပိုင်းဆိုင်ရာ ဆောင်ရွက်ပေးသော ဦးအမိုင်းနှင့်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ မြန်မာနိုင်ငံဂီတအစည်းအရုံး အတွင်းရေးမှူး ကံ့ကော်တောဦးမျိုးအောင်က လက်ခံသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရုပ်ရှင်အနုပညာရှင်များအတွက် ချီးမြှင့်ပေးအပ်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မိုးသောက်ပန်းတေးဂီတအဖွဲ့နှင့် အသံပိုင်းဆိုင်ရာတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂီတပညာရှင်များအတွက် ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ရုပ်ရှင်ပြသမှု သင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇွန် ၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရုပ်ရှင်ပြသမှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်အသံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ ရုံးခွဲအသီးသီးမှ သင်တန်းသား ၂၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ပြသမှုဆိုင်ရာ သင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် တတိယအကြိမ် IISS Asia Security Conference သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းတို့အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

➪ နိုင်ငံတော်မှ

အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အမှူးပြုသော မဟာဌာနမှူး ဆရာတော်များနှင့် သင်ကြား ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ သာသနာ့နုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြဆရာများ၊ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့လက်ခံယူကြမည့် ပြည်တွင်း ပြည်ပ သင်တန်းသားများ၊ သင်တန်းသားသစ်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ (D.Litt)ထံ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ) ဘွဲ့လက်ခံရယူကြမည့် သင်တန်းသားများက သစ္စာအဓိဋ္ဌာန်ပြုကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (D.Litt)က ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်းပြည်ပမှ ရဟန်းတော်များအား ဘွဲ့လက်မှတ်နှင့် ကျောင်းတံဆိပ်ပါ ကျွန်းသားယပ်များကိုလည်းကောင်း၊ ဘွဲ့ရပြည်တွင်း ပြည်ပမှ လူ ပုဂ္ဂိုလ်များ၊ သီလရှင်များအား ဘွဲ့လက်မှတ်နှင့် တက္ကသိုလ်တံဆိပ်ပါ ဘွဲ့စလွယ်တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံ(D.Litt)က ဘွဲ့မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဩဝါဒကထာမြွက်ကြားတော်မူသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဘွဲ့ရရှိ

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်တွင်းမှ ရဟန်းတော်သုံးပါး၊ သီလရှင်သုံးပါး၊ လူပုဂ္ဂိုလ်ရှစ်ဦးနှင့် ပြည်ပနိုင်ငံ ၁၁နိုင်ငံမှ ရဟန်းတော် ၂၁ပါး၊ သီလရှင်လေးပါးနှင့် လူပုဂ္ဂိုလ်ငါးဦးတို့ ဘွဲ့ရရှိခဲ့ကြသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်တွင်း ပြည်ပဘွဲ့ရ ရဟန်းတော်များနှင့် သင်တန်းသားသစ် ရဟန်းတော်များအား ဖူးမြော်ကြည်ညိုသည်။ (သတင်းစဉ်)



အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ (D.Litt) က ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်း ပြည်ပမှ ရဟန်းတော်များအား ဘွဲ့လက်မှတ်နှင့် ကျောင်းတံဆိပ်ပါကျွန်းသားယပ်များကိုချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ အမျိုးသားညီလာခံမှ

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမျိုးသားရေးတာဝန်

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းသည် အမျိုးသားရေးတာဝန်ဖြစ်သဖြင့် နိုင်ငံတော်က အလွန်အလေးထားကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် မိမိတို့အနေဖြင့် အင်တိုက်အားတိုက် အောင်မြင်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံတွင် တိုင်းရင်းသားလူမျိုးအလွှာပေါင်းစုံမှ ညီလာခံ ကိုယ်စားလှယ်များ ပါဝင်လာသည့်အတွက် အကြံပြုချက်များပေးကြရာတွင် အယူအဆ အတွေးအခေါ်အစုံ ပါဝင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ညီလာခံကြီးအောင်မြင်စွာကျင်းပရေးအတွက် ချမှတ်ထားသည့် အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်၊ အခြေခံရမည့်မူ (၁၀၄)ချက် တို့နှင့်အညီ ကိုယ်စားလှယ်များ၏ နိုင်ငံတော် အကျိုးအတွက် အပြုသဘောဆောင်သော ကောင်းမြတ်သင့်လျော်သည့် အကြံဉာဏ်ကောင်းများကို လက်ခံစဉ်းစားကြရမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိခြင်းများရှိရာ ယင်းသက်သာချောင်ချိရေးလုပ်ငန်းများကို စေတနာအပြည့်အဝထားရှိ၍ တာဝန်သိသိဖြင့် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း အကျယ်တဝင့်မှာကြားသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဇွန် ၄ရက် ညနေပိုင်းမှ ဇွန် ၆ ရက် ညနေပိုင်းအထိ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ပြင်ပထွက်ခွာခွင့် ခွင့်ပြုခဲ့မှု၊ ညီလာခံကိုယ်စားလှယ် အများအပြား ပြင်ပထွက်ခွာခွင့်ဖြင့် ထွက်ခွာခဲ့ကြမှု၊ သတ်မှတ်သည့်ရက်၊ သတ်မှတ်သည့် အချိန်တွင် အမျိုးသားညီလာခံ ကျင်းပရာ တည်းခိုဆောင်အသီးသီးသို့ အားလုံး ပြန်လည်ရောက်ရှိမှု၊ ဇွန် ၅ ရက်တွင် ကျန်ရှိသော ညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်းရှိ ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်တို့အား လှည့်လည်ဖူးမြော်ကြည်ညိုမှုစသည်တို့တွင် အစစအရာရာ အဆင်ပြေချောမွေ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

စာတမ်းပြုစုခြင်း

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကိုယ်စားအတွင်းရေးမှူး ဦးသောင်းညွန့်က ညီလာခံကိုယ်စားလှယ်များစာတမ်း ပြုစုတင်ပြခြင်း ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ ဆေးရုံတွင် တက်ရောက် ဆေးကုသမှု ခံယူနေသော ညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေး အခြေအနေနှင့် ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စရပ်များဆောင် ရွက်ပေးမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီ တို့၏ လုပ်ငန်းညှိနှိုင်း အစည်း အဝေး (၇/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များကအမျိုးသားညီလာခံကျင်းပခြင်းအထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်များနေ့
(၁၄-၆-၂၀၀၄)

World Blood Donor Day

(14-6-2004)

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ

Blood, a gift for life. Thank you

ကျန်းမာရေးဝန်ကြီးဌာန။

ပြည်နယ်နှင့်တိုင်း လက်ဝှေ့ယှဉ်ပြိုင်

၂၀၀၄ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ဇွန် ၇ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ ဖလိုင်းဝိတ် (ဂ)အဆင့်ပြိုင်ပွဲ၌ ဟာလိန်းတမ်း(ချင်းပြည်နယ်) (ယာ)**နှင့် သန်းထွန်းအောင်(ကရင်ပြည်နယ်)**(ဝဲ)**တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။**

(ကြေးမုံ)



အပန်းဖြေအနားယူရင်း ဗဟုသုတရှာမှီးနိုင်မည့် သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမ ဖွင့်လှစ်

သဘာဝဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြသထား

သတင်းဆောင်းပါး - ဌေးကြည်၊ ဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင်မသက်လက်ကျာ၏အမေးကို ဖြေကြားနေသည့် အထက(၂) ကမာရွတ်မှ ကျောင်းသူလေးများ။
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇွန် ၇

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြို အထိမ်းအမှတ် သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမ ဖွင့်ပွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဖွင့်ပွဲကို တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်)အတွင်းရှိ သဘာဝသမိုင်းပြတိုက် ရုပ်မြင်သံကြားပြခန်းတွင် ဇွန် ၄ ရက် နံနက် ၈ နာရီကကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ချီးမြှင့်ကာ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာကြီး၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း၏ အရေးကြီးပုံကို ထည့်သွင်းပြောကြားခဲ့သည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မဇင်မျိုးသူနှင့် မသက်လက်ကျာတို့က ပဟေဠိမေးခွန်းများကို မေးပြီး အထက(၂)ကမာရွတ်မှ ကျောင်းသား၊ ကျောင်းသူကလေးများက ဖြေကြားရာတွင်လည်း ကျောင်းသားလူငယ်များ၏ သဘာဝပတ်ဝန်းကျင်အပေါ် စိတ်ဝင်တစားရှိပုံကို အားရကျေနပ်ဖွယ် မြင်တွေ့ခဲ့ရသည်။ထို့နောက်တိရစ္ဆာန်နှင့် ပန်းဥယျာဉ်ဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပြင်ပမဂ္ဂဇင်း၊ ဂျာနယ်များမှအယ်ဒီတာနှင့် သတင်းထောက်များအား ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဦးစားပေးလုပ်ငန်း

ယနေ့ ကမ္ဘာကြီးတွင် အရေးတကြီး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် မြေကမ္ဘာထိပ်သီးအစည်းအဝေးကို ၁၉၉၂ ခုနှစ်ကပင် စတင်ကျင်းပခဲ့ပေသည်။ အာဆီယံနိုင်ငံများအနေနှင့်လည်း အာဆီယံမျှော်မှန်းချက် ၂၀၂၀ နှင့် ဟနွိုင်းလုပ်ငန်းစဉ်များတွင် အာဆီယံ ဒေသအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံမူဘောင်များ ချမှတ်ခဲ့သည်။

ကမ္ဘာကြီး၏ သစ်တောဖုံးလွှမ်းမှုကို လေ့လာဆန်းစစ်မည်ဆိုလျှင် ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းအောက် လျော့နည်းနေပြီး အာဆီယံဒေသအတွင်းတွင်မူ ၄၈ ရာခိုင်နှုန်းကျော်ရှိနေကာ မြန်မာနိုင်ငံတွင်မူ ထူးထူးခြားခြားသစ်တောဖုံးလွှမ်းမှု ၅၂ ရာခိုင်နှုန်းကျော် ဖုံးလွှမ်းနေကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ဖွဲ့စည်းထားပြီး ၁၉၉၇ ခုနှစ်က ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့သည်။ မြေယာ၊ သစ်တော၊ စိုက်ပျိုးရေး၊ သတ္တု၊ အဏ္ဏဝါနှင့် ရေအရင်းအမြစ်ကို စဉ်ဆက်မပြတ် သုံးစွဲနိုင်ရေးအတွက်လည်း နိုင်ငံတော်က ချမှတ်ထားသည့် မဟာဗျူဟာနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များတွင်လည်း လက်မှတ်ရေးထိုးပြီး နိုင်ငံတကာတာဝန်များကိုလည်း တိကျစွာလိုက်နာကျင့်သုံးလျက်ရှိပေသည်။

အောင်မြင်မှုများရ

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတစ်ခုကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၃-၉၄ခုနှစ်ကပင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာအောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။ ယခုအခါ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း နောင်လာနောက်သားများအတွက် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်း ဆောင်ရွက်နေသည့်နည်းတူ ရန်ကုန်မြို့တော်နေ ပြည်သူများ သဘာဝပတ်ဝန်းကျင်ကောင်း အရသာခံစားနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်ကြီးကိုလည်း ကမ္ဘာ့အဆင့်မီ မြို့တော်အင်္ဂါရပ်နှင့်အညီ တည်ဆောက်လျက်ရှိရာ ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်)ကိုလည်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပေသည်။

စတင်ဖွင့်လှစ်ခဲ့

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၀၁ ခုနှစ်တွင် စတင်တည်ထောင်ပြီး ၁၉၀၆ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ မူလစတင်ဖွင့်လှစ်စဉ်ကအကျယ်အဝန်းမှာ၄၇ ဧကသာရှိသော်လည်း တဖြည်းဖြည်းတိုးချဲ့ခဲ့ရာ ယခုအခါတွင် ၆၉ ဒသမ ၂၅ ဧက ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝသမိုင်းပြတိုက်ကို ၁၉၆၆ခုနှစ်ကပင်ယခု ကန်တော်ကြီးဟိုတယ်နေရာတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ယခုနေရာသို့ ပြောင်းရွှေ့ကာ သစ်တောပြခန်း၊ ဘူမိဗေဒပြခန်း၊ နို့တိုက်သတ္တဝါ၊ ကျေးငှက်များ ရုပ်လုံးသွင်းပြခန်း၊ ငါး၊ တွားသွားသတ္တဝါနှင့် ကျောရိုးမဲ့သတ္တဝါပြခန်း၊ ဝေလအရိုးစုပြခန်း စသည်ဖြင့် အခန်းငါးခန်း ပြသထားခဲ့သည်။

ယခုအခါ သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ အဆိုပါပြခန်းတွင် နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို လေ့လာနိုင်မည်ဖြစ်ပေသည်။

ထို့ပြင် ဂြိုဟ်တုရုပ်မြင်သံကြားမှ ဖမ်းယူရရှိသော သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ဆိုင်ရာ ပညာပေးအစီအစဉ်ဖြစ်သည့် Discoveryအစီအစဉ်၊ Animal Planet အစီအစဉ်နှင့် Geographic အစီအစဉ်များကိုလည်း အခမဲ့ပြသပေးမည်ဖြစ်သည်။

ဉာဏ်စမ်းပဟေဠိ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်များကိုလည်း မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြားကာ တစ်လတစ်ကြိမ် ဉာဏ်စမ်းပဟေဠိအစီအစဉ်ပြုလုပ်ပေးနိုင်ရန် စီစဉ်ထားသည်။ ပြည်နယ်နှင့် တိုင်းများမှလာရောက်လေ့လာသူ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ လာရောက်လေ့လာသူများကိုလည်း ရှင်လင်းပြသပေးမည်ဖြစ်သည်။ နေ့စဉ်လာရောက်လေ့လာသူ ပြည်သူများအတွက်လည်း မိမိတို့ လေ့လာကြည့်ရှုထားသည့် သဘာဝပတ်ဝန်းကျင် အချက်အလက်များ မည်ရွေ့မည်မျှ ပြန်လည်မှတ်မိမှုနှင့် တိရစ္ဆာန်ဆိုင်ရာ စွယ်စုံကျမ်းများမှ အချက်အလက်များကို ရုပ်မြင်သံကြား ထောက်ကူပစ္စည်းများအသုံးပြု၍ လေ့လာနိုင်ရန် စီစဉ်ထားပေသည်။

သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းခြင်းဆိုင်ရာ အချက်အလက်များကိုလည်း အင်တာနက်ကို ကိုယ်တိုင်ကိုင်တွယ်အသုံးပြုကာ လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ တိရစ္ဆာန်နှင့်ပန်းဥယျာဉ်အတွင်းရှိ လမ်းများကိုလည်း စနစ်တကျပြုပြင်ထားသည့်အတွက် လာရောက်ကြည့်ရှုလေ့လာအပန်းဖြေသူများ တစ်နေရာနှင့်တစ်နေရာသို့ အလွယ်တကူ သွားလာနိုင်ပေသည်။ သမိုင်းဝင် အဆောက်အအုံများကို ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်း၊ ဟောင်းနွမ်းအိုမင်းလွန်းသည့် အဆောက်အအုံများကို ဖျက်သိမ်းပြီး အသစ်ပြန်ဆောက်ခြင်း၊ အချို့လိုအပ်သည့်နေရာများအတွင်း အဆောက်အအုံများကို အသစ်ထပ်မံဆောက်လုပ်ခြင်းများကိုလည်း ပြုလုပ်ထားသည်။

ထို့ပြင် အများပြည်သူများ လာရောက်ပြီး အပန်းဖြေရာနေရာဖြစ်သည့်အတွက် သန့်ရှင်းရေးကိုလည်း အထူးအစီအမံများဖြင့် ဆောင်ရွက်ထားပေသည်။ လိုအပ်သည့်နေရာများတွင် အမှိုက်ပုံးများထားကာ အမှိုက်များကို စနစ်တကျစွန့်ပစ်စေခြင်း၊ ဝန်ထမ်းများကိုလည်း အမှိုက်များကို အမြဲတစေကောက်ယူစေခြင်း၊ လာရောက်အပန်းဖြေသူများက အမှိုက်များကို အမှုမဲ့စွန့်ပစ်လျှင်လည်း ဝန်ထမ်းများက နမူနာပြအနေဖြင့် ကောက်ယူကာ အမှိုက်ပုံးထဲထည့်ခြင်းများကို လုပ်စေသည်။

အုပ်စုသုံးစု

ယခု ဥယျာဉ်ထဲတွင် ပြသထားသည့် သတ္တဝါများကိုလည်း အုပ်စုသုံးစုခွဲထားပေသည်။ ထိုအုပ်စုများမှာ နို့တိုက်သတ္တဝါအုပ်စု၊ ကျေးငှက်သတ္တဝါအုပ်စုနှင့် တွားသွားသတ္တဝါအုပ်စုတို့ဖြစ်သည်။ နို့တိုက်သတ္တဝါ အုပ်စုတွင် အမျိုးပေါင်း ၆၂ မျိုး၊ ကျေးငှက်သတ္တဝါအုပ်စုတွင်အမျိုးပေါင်း၆၆ မျိုးနှင့် တွားသွားသတ္တဝါအုပ်စုတွင် အမျိုးပေါင်း ၁၉မျိုးတို့ ပြသထားပေသည်။

ဥယျာဉ်အတွင်း တိရစ္ဆာန်များ အစဉ်ထိန်းသိမ်း ပြသနိုင်ရန်အတွက် စုဆောင်းခြင်း၊ လဲလှယ်ခြင်း၊ မျိုးပွားခြင်းကိုလည်း အမြဲတစေ ပြုလုပ်လျက်ရှိသည်။ စုဆောင်းခြင်းတွင် မြန်မာနိုင်ငံရှိ ရှားပါးတိရစ္ဆာန်များကိုရှာဖွေကာ စုဆောင်းထားခြင်းဖြစ်သည်။ လဲလှယ်ခြင်းမှာ မြန်မာနိုင်ငံတွင်သာ ကျက်စားပေါက်ဖွားသော တိရစ္ဆာန်များကို အခြားနိုင်ငံတွင်သာ ကျက်စားပေါက်ဖွားသော တိရစ္ဆာန်များနှင့်လဲလှယ်ခြင်းဖြစ်သည်။ မျိုးပွားခြင်းမှာ မြန်မာနိုင်ငံတွင် ကျက်စားပေါက်ဖွားသော်လည်း ရှားပါး၍အဖိုးတန်သော တိရစ္ဆာန်မျိုးများကို မျိုးပွားကာ မွေးမြူစေခြင်းဖြစ်သည်။ ဥပမာ- ရွှေသမင်၊ အင်းကျား၊ ပင်ဒါအနီနှင့် လိပ်ကြယ်စသည့် သတ္တဝါမျိုးများသည် ရှားပါး၍အဖိုးတန်သောတိရစ္ဆာန်များဖြစ်သည်။

အပင်မျိုးစုံ

ထို့ပြင် ရန်ကုန်မြို့ရှိ တိရစ္ဆာန်နှင့်ပန်းဥယျာဉ်ကို လာရောက်အပန်းဖြေသူများ လေ့လာနိုင်ရန် ရုက္ခဗေဒဥယျာဉ်ကြီးတစ်ခုအလား သစ်ပင်မျိုးပေါင်းစုံနှင့် ပန်းမျိုးပေါင်းစုံကိုလည်းစိုက်ပျိုးထားပေသည်။ သစ်ပင်နှင့် သစ်ပင်ငယ်အမျိုးပေါင်း ၁၉၂ မျိုး၊ အုန်းပင်၊ ထန်းပင်မျိုးနွယ်များ ၁၉ မျိုး၊ ဝါးနှင့်မြက်မျိုး ၂၃ မျိုး၊ ချုံနှင့်နွယ်ပင်မျိုး ၈၇ မျိုးနှင့် ရာသီပန်းပင် ၂၄ မျိုးကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပေသည်။

ဘက်စုံကစားကွင်း

၁၉၉၇ ခုနှစ်ကပင် စတင်ကာ ဥယျာဉ်၏တောင်ဘက်ခြမ်းရှိ မြေ ၁၂ ဒသမ ၃ ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ ဘက်စုံကစားကွင်းတစ်ခုကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကလေးများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေဆော့ကစားနိုင်ပေသည်။ ထို့ပြင် ဆင်စီးခြင်း၊ မြင်းစီးခြင်း၊ ဆင်လှည်း၊ မြင်းလှည်းစီးခြင်းများကို ဖန်တီးပေးထားသလို အပျော်စီးယာဉ်ရထားများကိုလည်း ဥယျာဉ်တစ်ပတ်ကို သက်သက်သာသာ လှည့်လည်ကြည့်ရှုနိုင်ရန် ပြေးဆွဲပေးထားသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် ဆင်လိမ္မာ၊ မြင်းလိမ္မာ၊ မျောက်လိမ္မာ၊ ဝက်ဝံလိမ္မာကလေးများ၏ ဖျော်ဖြေပွဲနှင့်မြွေအလမ္မာယ်ပွဲများကိုလည်း ထည့်သွင်းပြသထားသည်။

ဥယျာဉ်အတွင်း လာရောက်အပန်းဖြေသူများ အလွယ်တကူ ဝယ်ယူစားသောက်နိုင်ရန် သန့်ရှင်းလတ်ဆတ်သော အစားအစာနှင့် အအေးမျိုးစုံကိုလည်း စားသောက်ဆိုင်များက ရောင်းချပေးပေသည်။

ရန်ကုန်တိရစ္ဆာန်နှင့်ပန်းဥယျာဉ်ကို ပြည်သူများအပန်းဖြေအနားယူရန်နှင့် ဗဟုသုတရှာမှီးရန်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သတ္တဗေဒနှင့် ရုက္ခဗေဒပညာရှာမှီးရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူလူထုအား စည်းရုံးပညာပေးရန် လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရှားပါးသော တောရိုင်းတိရစ္ဆာန် ကျေးငှက်များအား မျိုးဆက်ထိန်းသိမ်းရန်အတွက် သားဖောက်မျိုးပွားရန်လည်းကောင်း စီစဉ်ဆောင်ရွက်ကာ ဖွင့်လှစ်ပြသထားခြင်းဖြစ်ပေသည်။

ဥယျာဉ်ဝင်ကြေး

ရန်ကုန်တိရစ္ဆာန်နှင့် ပန်းဥယျာဉ်ကို နေ့စဉ်နံနက် ၈နာရီမှ ညနေ၆နာရီအထိ ဖွင့်လှစ်ထားပြီး ဥယျာဉ်ဝင်ကြေးကိုလည်း လူကြီး ကျပ်၁၀၀၊ ကလေးကျပ် ၅၀ သတ်မှတ်ထားသည်။ တိရစ္ဆာန်မျိုးစုံ၊ ဖျော်ဖြေရေးအစီအစဉ်စုံ၊ သန့်ရှင်းသာယာလှပမှုမျိုးစုံဖြင့် လာရောက်အပန်းဖြေလေ့လာမည့်သူများကို အစဉ်ကြိုဆိုလျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။ ။ (ကြေးမုံ)

ရှားပါးသတ္တဝါမျိုးဖြစ်သည့် ရွှေသမင်များကိုလည်း ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

မေ ၂၆ရက်က အမှတ် ၁၃၊ ဈေးချောင်းလမ်း၊ ပုသိမ်မြို့နေ ဦးငွေ–ဒေါ်စိုးချို၊သားဦးသာထို–ဒေါ်ခင်ညွှန့်၊ မြေး ဦးသိန်းထွန်းဝင်း–ဒေါ်လတ်လတ်ခိုင် မိသားစုတို့က ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရပဒေသာပင် သုံးမျိုးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)နှင့် အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း)တို့ လက်ခံယူကြစဉ်။ (က–ပ)

အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ် (၉/၇၈)နေ ဦးတင်ဝင်း – ဒေါ်ညွှန့်ညွှန့်ဝေဝင်းမိသားစု (အုတ်ရောင်းဝယ်ရေး) က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ဇွန် ၂ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဇွန် ၇

၂၀၀၄ခုနှစ် ဇွန်လ ၇ ရက် မြန်မာစံတော်ချိန် ဝ၃ နာရီ ၅၃ မိနစ် ၅၆စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏အနောက်–အနောက်တောင် ယွန်းယွန်း ၁၃၈ မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာ စကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရေတာရှည်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးမျိုးသန့်(ဒဂုံမန်းရေခဲစက်)–ဒေါ်ခင်မြင့်တို့၏သားကြီး

ဒေါက်တာစိန်ဝင်း M.B.,B.S(YGN)

(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်၊ အကျဉ်းဦးစီးဌာနနေ ဗိုလ်မှူးကြီးသန်းဦး(ငြိမ်း)ညွှန်ကြားရေးမှူး–ဒေါ်အမာတင် (SAT–ငြိမ်း)တို့၏ သမီးလတ်

ဒေါက်တာယဉ်နွယ်ဦး M.B.,B.S(YGN)

(ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)

တို့၏ ၂–၆–၂၀၀၄ ရက်တွင် ရန်ကုန်မြို့၊ တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊ ၅–၆–၂၀၀၄ ရက်(စနေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပခဲ့သောမင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၏ဇနီး ဒေါ်အေးအေးတို့အားလည်းကောင်း၊ မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ကြပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှအားလည်းကောင်း၊ မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးပါသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြပါသော ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မိုးဟိန်းနှင့် ဗိုလ်ချုပ်ကြည်ဝင်းတို့ဦးဆောင်သော အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများ၊ ဆေးရုံကြီးများမှ ဆရာဝန်ကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေသင်္ဂဟများနှင့် ညှော်ခံပွဲသို့ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေး၊ ရပ်နီးမှ အရာရှိများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ကိုလှိုင်းမင်းထွေးနှင့် မင်္ဂလာသတို့သမီးအရံဒေါက်တာမေကိုကိုသက်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော မသဇင်နှင်းနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မသူဇာနန်းထိုက်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲဖျန်းပေးသော ဒေါက်တာမျိုးဇာနည်ဦးအားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင် အလှဖန်တီးပေးသော "ပွင့်"အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနား ဖြစ်မြောက်အောင်မြင်ရေးအတွက် အစမှအဆုံး အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစိန်ဝင်း–ဒေါက်တာယဉ်နွယ်ဦး

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၇

ကာတွန်းမျက်နှာဖုံးအလှနှင့် မောင်ဝဏ္ဏ၏ သမိန်ပေါသွပ် ကာတွန်းဇာတ်လမ်း အပါအဝင်၊ ဆရာသာဂဒိုး၊ မြေဇာ၊ မောင်ရဲလှ၊ ခနလောက်ဇော်၊ ဒွန်မှူး၊ မောင်မြင့်အောင်၊ ဆြာကြီးထိန်၊ ဖိုးဉာဏ်၊ ကျော်ဖြိုးလွင်၊ မာန်သွေးသစ်မင်း၊ ဇာတ်ဆရာကိုရွှေထွေး၊ ကာတွန်းမြင့်စိုးလေး၊ မောင်ဝေဟင်၊ ကျော်ဇေဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေးများနှင့် ရုပ်ရှင်သဘင်ရသများကို စုစည်းဖော်ပြထားသော 'ဟာသဂျာနယ်'အတွဲ(၂)၊ အမှတ်(၄၄)ကို ဝါမိုးအောင်စာပေ၊ အမှတ်(၅၂၉)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ယနေ့ဖြန့်ချိလိုက်သည်။ (က–ပ)

ပြင်ဆင်ဖတ်ရှုပါရန်

၆–၆–၂၀၀၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)ပါ မောင်ကျော်ဇေယျာမျိုးနှင့် မသူဇာမြင့်ထွန်းတို့၏ စေ့စပ်မင်္ဂလာကျေးဇူးတင်လွှာကြော်ငြာမှ ဗိုလ်မှူးသန်းထွန်း(ငြိမ်း)အစား ဗိုလ်မှူးထွန်းသန်း(ငြိမ်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးအောင်ဟိန်းကျော် U.F.L ဝင်ခွင့်
• အင်္ဂလိပ်စကားပြော • အင်္ဂလိပ်စာရေးနည်း • ဘာသာပြန် • သဒ္ဒါ

ရွှေဒင်္ဂါးစာပေ
မြပုလဲခင်
မြစ်တစ်စင်းချစ်ခြင်းအလင်္ကာ
(ပ+ဒု)
ထွက်ပြီ

Condominium, Junction (8), 1250 Sqft, 1MBR, 2BR, AC,
095016838, 510625

LEUCODERMA

Job Vacancy
(ပြည်တွင်း၌သာ ခန့်ထားရန်)
၁။ Designer (Interior) ၁ ဦး
၂။ Marketing Manager ၁ ဦး
၃။ Distribution Assistant Manager ၁ ဦး
၄။ Distribution Marketing ၄ ဦး
၅။ Admin Assistant ၁ ဦး
၆။ Marketing Assistant Sale Manager ၆ ဦး
Marketing
HR Manager

ဝန်ထမ်းအလိုရှိသည်။
(ပြည်တွင်း၌သာခန့်ထားရန်)
၁။ ၂ ဦး
B.Com/LCCI (Level III)
၂။ ၂ ဦး
၃။ ၈ ဦး

အချစ်များစွာအတွက် Vol-2
အမုန်းများစွာအတွက်
ဇယ်ဆုး၊ ကျော်သူစိုး၊ အောင်ကောင်းထက်၊ S.Pမြေပဲယို
Dinner Flame၊ 9mm၊ ညီသူ၊ မောင်ဘုန်း
TAPE CD
ထွက်ပြီ

EXAMPLEZ



TAPE,CD, VCD KARAOKE ထွက်ပြီ

MHR
Management Consultancy & Training Specialist
BBA MBA
Exemption
MHR
MHR, 905, 9th Fl, Modern Iron Market(Condo), Lanmadaw Street, 707822

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စည်သူအေးအောင် (ဘ)ဦးသာအေး၏ မြန်မာနိုင်ငံကူးလက်မှတ် PP-496819 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **Ph- 296629။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်တင်အောင်နိုင်၏ နိုင်ငံကူးလက်မှတ် အမှတ် ၄၀၀၃၅၀ မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း– ၅၉၀၃၉၀။

ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၃ ရက်မွန်းလွဲ ၁နာရီတွင် ကန်တော်ကြီးဥယျာဉ် Central Forest Zone, Water Plaza တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်း ဆောင်၌ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်၊ သစ်တောရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

— တစ်နှစ်ပြည့်ခဲ့ —

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန် တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော် ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန် ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မေ ၂၁ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီးဖြစ်၍ အချို့လုပ်ငန်း များ ပြီးစီးပြီဖြစ်သော်လည်း အချို့ လုပ်ငန်းများအချိန်မီပြီးစီးရန် အရှိန် အဟုန်ဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ Central Forest Zone အတွင်း Rock Garden တည်ဆောက်ရေးနှင့် ပုပ္ပားမျှော်စင် တည်ဆောက်ရေးလုပ်ငန်း များကိုလည်း အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းများစတင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် ပစ္စည်းများ စုဆောင်း ထားကြရန်လိုကြောင်း၊ ဇုန်များအတွင်း ရှိ လမ်းများကတ္တရာထပ်ပိုးလွှာ ခင်းနိုင် ရေးနှင့် ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လမ်းများ ရေတိုက်စားမှု မရှိစေရန် လမ်းဘေး ရေနုတ်မြောင်းများ စနစ် တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကန်တော်ကြီး ဥယျာဉ်အတွင်း၌ Cable Car ပြေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ ကန်တော် ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန် ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကြီးသည် ပြည်သူများ အနားယူ အပန်းဖြေ ဥယျာဉ်ကြီးသာမက လေ့လာမှတ်သား စရာ ပညာပေး ပြကွက်ပြခန်းများ ပါရှိသဖြင့် ရေရှည်တည်တံ့ခိုင်မြဲစေ ရေးအတွက် တည်ဆောက်ရေးလုပ်ငန်း များကို အရည်အသွေး စံချိန်စံညွှန်း မီစွာဖြင့် စနစ်တကျတည်ဆောက် ကြရန်လိုကြောင်း၊ အရည်အသွေး စစ်ဆေး ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများကလည်း တည်ဆောက် ပြီးလုပ်ငန်းများနှင့် တည်ဆောက်ဆဲ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း များ ပြည့်မီစေရန် စနစ်တကျစစ်ဆေး ကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

— ရှင်းလင်းတင်ပြ —

ထို့နောက် သစ်တောရေးရာ ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက Central Forest Zone တည်ဆောက်ခြင်းလုပ်ငန်းနှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ခြင်းလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေ အနေများကိုလည်းကောင်း၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာန ဌာနမှူး ဦးညွန့်ဖေက Relaxation Zone တည်ဆောက်ခြင်း လုပ်ငန်းအခြေအနေများ၊ Rock Gardenနှင့်ပုပ္ပားမျှော်စင်တည်ဆောက် ခြင်း လုပ်ငန်းအတွက် ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို လည်းကောင်း၊ အင်ဂျင်နီယာဌာန လမ်း/ တံတားဌာနမှူး ဦးဗိုလ်ဌေးက ကန်ပတ်လမ်းကိုဖြတ်၍ ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) တို့အား ဆက်သွယ်မည့် လူကူး ခုံး ကျော်တံတား တည်ဆောက်ရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးလှဝင်းက Education Zone အတွင်း Frash Water Fish Garden တည်ဆောက်နေမှု လုပ်ငန်း အခြေအနေများကိုလည်း ကောင်း၊ ပြည့်စုံဝင်းနိုင် ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ ဦးဝင်းနိုင်က Cable Car ပြေးဆွဲနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာချုပ်(စက်မှု) ဦးမျိုးသွင် က ကန်တော်ကြီးရေပြင် သန့်ရှင်းရေး နှင့် ကန်တော်ကြီးရေပြင် ရေ ပိုမို သိုလှောင်နိုင်ရေး စီစဉ်ဆောင်ရွက် နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေ မန်နေဂျာ ဦးမျိုးညွန့်က Education Zone အတွင်း စိုက်ပျိုးရေးပြကွက် ကိုးခု တည်ဆောက်ပြီးစီးမှုအခြေအနေ များကိုလည်းကောင်း၊ ဖေကမ္ဘာကုမ္ပဏီ လီမိတက်မှ အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က Recreation Zone တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက် နေမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ တွဲဖက် ပါမောက္ခ ဦးစန်းကြူက အရည်အသွေး စစ်ဆေးတွေ့ရှိမှုနှင့်ပြုပြင်ရမည့်လုပ်ငန်း အခြေအနေများကို လည်းကောင်း၊ Wood Land Co., Ltd. မှ မန်နေဂျာ ဦးမြင့်သိန်းက ရေကူးကန်တည်ဆောက် ခြင်းနှင့် Conference Hall တည် ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန် မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်း ကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများ ဟန်ချက်ညီစွာ ပြီးစီးနိုင် ရေးအတွက် သက်ဆိုင်ရာဌာနများ အလိုက် ဝိုင်းဝန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

— ရုပ်သိမ်း —

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားညှိနှိုင်းပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက် ရေး လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့်အဖွဲ့သည် Central Forest Zone အတွင်း Fountain Plaza တည်ဆောက်နေမှုအခြေအနေ၊ Water Fountain မြေယာရှုခင်း အလှများ ဆောင်ရွက်နေမှုအခြေအနေ များကိုလည်းကောင်း၊ Education Zone ၊ Frash Water Fish Garden တည်ဆောက်နေမှုနှင့် လူ လျှောက်လမ်းများ၌ တပ်ဆင်မည့် အလှမီးတိုင်နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ အား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ ရက်တွင် ကျိုင်းတုံမြို့သို့ရောက်ရှိရာ ကျိုင်းတုံမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး တိုးတက်ပြုပြင်နေမှုအခြေအနေများကို တာဝန်ခံ အင်ဂျင်နီယာများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် မေ ၃၀ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ မော်တော် ယာဉ်များဖြင့် ထွက်ခွာပြီး မိတ္ထီလာ– တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးအား ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ၍ တိုးချဲ့ဖောက်လုပ်နေသော လုပ်ငန်း ပြီးစီးမှု အခြေအနေများကို လမ်း တစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မိုင်းပျဉ်း–တုံတာ အပိုင်း လမ်း တိုးချဲ့ပြီးစီးမှု အခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး ကြသည်။

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မေ ၃၁ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်း မြို့မှမော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး ပန်ခင်း–မိုင်းပျဉ်းအပိုင်း မိုင်(၃၂၆/၃) ၌ ကျောက်ရိုးစီအုတ်နံရံနှင့် ရေမြောင်း ဆောင်ရွက်ပြီးစီးမှုနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများ၊ တာကော–ပန်ခင်းလမ်း အပိုင်း၌ လမ်းအကျယ်ပေ ၃၀ ချဲ့ထွင် ခြင်းလုပ်ငန်းနှင့် မိုင်တိုင် (၂၈၆) ရှိ ကျောက်မိုးစွန်း လမ်းကျဉ်းနေရာကို ကျောက်ကမ်းပါးယံဖြို၍ လမ်းချဲ့ထွင်မှု လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးကြသည်။ ယင်းနောက် ဝန်ကြီးသည် တာကော–ကွန်ဟိန်း– နမ့်စန်–ဟိုပုံး–တောင်ကြီးလမ်းအပိုင်း လမ်းတိုးချဲ့ ပြုပြင်ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်ထဲရေး)

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတွင် တပ်ဖွဲ့များစစ်ဆေး

ရန်ကုန် ဇွန် ၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မေ ၂၉ ရက်မှ ၃၁ ရက်အတွင်း ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီး ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မေ၂၉ရက် နံနက်ပိုင်း တွင် ရန်ကုန်မှ မန္တလေးသို့ စတင် ထွက်ခွာပြီး လမ်းခရီးတစ်လျှောက်ရှိ ရုံးဌာန၊ ရဲစခန်း၊ ရဲကင်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာ ကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ပဲခူး၊ တောင်ငူ၊ ပျဉ်း မနား၊ မိတ္ထီလာ၊ မန္တလေး၊ ကျောက်ပန်း တောင်းနှင့် မကွေးမြို့တို့ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တပ်ဖွဲ့၊ ဦးစီးဌာန များမှ တာဝန်ခံအရာရှိများအား တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်နှင့် အမျိုးသား ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာ အခန်းကဏ္ဍမှ အင်တိုက် အားတိုက် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အမှောင့် ပယောဂ အင်အားစုများအား ပြည်သူ့ စွမ်းအားများဖြင့် ပူးပေါင်း၍ လုံခြုံရေး အသိ အပြည့်အဝထားရှိ တားဆီး ကာကွယ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင် မြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲဗဟို လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများ ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ကြီးများက မိသားစုများအတွက် ထောက်ပံ့ဆောင်ရွက်ပေးမှုများ၊ စိုက်ပျိုး ရေး လုပ်ငန်းနှင့် အခြားအပိုဝင်ငွေ ရရှိရေး စီစဉ်ထားမှုများ၊ အုပ်ချုပ်မှုနှင့် သင်တန်းအဆောက်အအုံ ဆောက်လုပ် မှု ခြေအနေများကိုတင်ပြပြီး ဝန်ကြီးက မျိုးချစ်စိတ်ဓာတ်ရှိ၍ စွမ်းရည် ထက်မြက်သော ခေတ်မီရဲတပ်ဖွဲ့ ဖြစ်စေရေးအတွက် ဘက်ပေါင်းစုံလေ့ကျင့် ဆောင်ရွက်ပေးရေး၊ ဆောက်လုပ်သည့် အဆောက်အအုံများသတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးရေး မှာကြားသည်။

ဝန်ကြီးသည် ခရီးစဉ်အတွင်း ရဲစခန်းများ၊ လေ့ကျင့်ရေးကျောင်းများ နှင့် ရုံးဌာနများရှိ တပ်ဖွဲ့ဝင် ဝန်ထမ်း မိသားစုများ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်း သုံး ဗလာစာအုပ်၊ ခဲတံနှင့် မဂ္ဂဇင်း စာအုပ်များ လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

သာစည်မြို့တွင် ကျေးရွာချင်းဆက်သွယ်သည့်လမ်းများ ဖောက်လုပ် မြေသားလမ်းနှင့် ကျောက်ခင်းလမ်း မိုင် ၅၀ ကျော် ပြီးစီး

သာစည် မေ ၂၇

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေရန် ကျေးလက်လမ်းများကို အဆက်မပြတ် ဖောက်လုပ်လျက်ရှိသည်။

ကွင်းဆင်းကြပ်မတ်

သာစည်–မင်းလှ–ကုက္ကိုစု–မရွေး ဆက်သွယ်သည့် မြေသားလမ်း အရှည်သုံးမိုင်၊ အကျယ်ပေ၂၀ လမ်းဖောက်လုပ်ရာတွင် လမ်းကြိတ်စက် ကြိတ်နင်းနေမှုကို မေ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးလှသောင်းနှင့် အင်ဂျင်နီယာအဖွဲ့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြသည်။

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ ဆက်သွယ်သော လမ်းများ၊ ရာသီမရွေး သွားလာနိုင်ရန် ကျေးရွာပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်မှ ယနေ့ထိ ကျေးလက်မြေသားလမ်းပေါင်း ၃၂ လမ်း၊ ကျောက်ခင်းလမ်း လေးလမ်း၊ လမ်းအရှည်မိုင် ၅၀ ကျော် ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

ကျေးလက်လမ်း သုံးလမ်း၊ လမ်းအရှည် ခြောက်မိုင်နှင့် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ပေ ၂၄ ပေx၂၀ ကို ဆက်လက်ဖောက်လုပ်ဆဲဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ဒိုက်ဦး မေ ၂၉

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းများအဆင့်မြှင့်ရန်အတွက် ကတ္တရာ ၁ ဒသမ ၇၂ တန်ပံ့ပိုးပြီး ပြည်သူများ၏ထည့်ဝင် ငွေကျပ် ၇၆၀၀၀၀ ကုန်ကျသည့်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၂၆ ရက် နံနက် ၈ နာရီက အမှတ်(၂)ရပ်ကွက် ဘုရားကြီးလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

လမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းသန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လမ်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။ **(၁၃၀)**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ရုံးအဖွဲ့တွင် အသုံးပြုရန်အတွက် ပြင်ဦးလွင်မြို့ စိုးစံဘော်ဒါနှင့် လေ့ကျင့်ရေးစခန်း ပိုင်ရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)–ဒေါ်နန်းယဉ်ယဉ် မိသားစုက ကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းတစ်စုံကို မေ ၂၂ ရက်က ဘုရားကြီး အစည်းအဝေးခန်းမတွင် ပေးအပ်လှူဒါန်းစဉ်။ (၄၂၁)

မအူပင်မြို့ ရေစီးရေလာကောင်းမွန်ရေး ရေဆိုးမြောင်းများ စုပေါင်းတူးဖော်

မအူပင် ဇွန် ၃

မအူပင်မြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့၏ အဓိက ရေဆိုးထုတ်မြောင်းဖြစ်သော ရေလဲမြောင်းမကြီးအား ဇွန် ၂ ရက်တွင် စုပေါင်းတူးဖော်ဆောင်ရွက်ကြသည်။

ကြည့်ရှုကြပ်မတ်

ထိုသို့ တူးဖော်ရာတွင် ရပ်ကွက်နေ ပြည်သူများ၊ မြို့နယ်စစ်မှုထမ်းအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဇော်ဝင်း ဦးဆောင်သည့် စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်းတူးဖော်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု ကြပ်မတ်ဆောင်ရွက်ခဲ့သည်။ **(က–ပ)**

စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းနှင့် ဝန်ထမ်းများ မေ ၂၂ ရက်က အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် အရိပ်ရနှင့် ပန်းအလှပင်များ ပျိုးထောင်ခြင်း၊ မြေတောင်မြှောက်ခြင်း၊ ပြုပြင်ခြင်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ စေတနာရှင်များ အလှူငွေများ ပေးအပ်လှူဒါန်း

ဒေးဒရဲ မေ ၃၁

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ ကျောင်းနေရေးအတွက် ဒေးဒရဲမြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကရဝိက်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဝန်ထမ်းများနှင့် အလှူရှင်များ စုံညီစွာ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော သူငယ်တန်း ပုံနှိပ်စာအုပ်အစုံ ၃၆၀၀ တန်ဖိုးငွေကျပ် ၄၈၆၀၀၀ နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် တစ်သိန်းအပါအဝင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေ စုစုပေါင်း ကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်ထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ငှက်ပျောစမ်းကျေးရွာအုပ်စု နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၂၅ ရက်က ငှက်ပျောစမ်းကျေးရွာတွင် ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစောတင်သိန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

တွန်းဇမြို့ သာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းကာ မေ ၂၁ ရက်က မြို့တွင်းလမ်းတာချဲ့ခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး အလွဲသုံးစားမှု တိုက်ဖျက်ရေး ပန်းချီ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီ ပြိုင်

စစ်ကိုင်း မေ ၃၁

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးရှိန်ဝင်းနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ရဲအရာရှိများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ တက်ရောက်ကြပြီး ပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ **(က–ပ)**

ဝမ်းတွင်းမြို့နယ် သာယာလှပရေး ဆောင်ရွက်

ဝမ်းတွင်း မေ ၂၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်းတွင်း ဗိုလ်ချုပ်ပန်းခြံအတွင်း သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ စုပေါင်း ရှင်းလင်းခြင်း၊ မြက်ခင်းအလှပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် မြေတူးဖော်ခြင်းတို့ကို ဝန်ထမ်းအင်အား ၆၀ ဦးဖြင့် မေ ၁၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

အဆိုပါ မြို့သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောထွန်းစိန်က အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံသားကတ်ပေးအပ်

သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာ တွဲဖက် အထက်တန်းကျောင်းခန်းမတွင် မေ ၂၂ ရက်က နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ကျင်းပရာ သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းအုန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (၈၆)

မင်းလှမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

မင်းလှ ဇွန် ၃

၂၀၀၄–၂၀၀၅ ခုနှစ် စီမံကိန်း ရည်မှန်းချက်များ တာဝန် ပေးအပ်ပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခန်းမ၌ မေ ၃၁ ရက် နံနက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူက အမှာစကားပြောကြားသည်။

— ရှင်းလင်းပြောကြား —

အခမ်းအနားတွင် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကြည်ဝင်းတို့က စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ် အဖွဲ့ဝင်(၁) ဒုရဲမှူး ဦးသိန်းလှိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးမြကျော်တို့က မိုးစပါး ဧက ၃၃၀၀ တိုးချဲ့ဖော်ထုတ်၍ စုစုပေါင်း ၇၅၆၈၄ ဧက၊ ပဲမျိုးစုံ ၇၂၀၄၂ ဧက၊ ဆီထွက်သီးနှံ ဧက ၆၈၀၀ တို့ကို စိုက်ပျိုးရန် ကျေးရွာ ဥက္ကဋ္ဌများအား အသီးသီး တာဝန်ပေးအပ်ကြသည်။

(မြို့နယ်ပြန်/ဆက်)

နှစ်ထပ် စာသင်ကျောင်းဆောင်သစ် အုတ်မြစ်စီ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

ဖျာပုံ ဇွန် ၁

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက် မဏိရတနာအမှတ်(၂) နှစ်ထပ်စာသင်ကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားနှင့် ပထမအကြိမ်အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ဦးဝေပုလ္လ ကြွရောက်တော်မူပြီး ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ် အုတ်မြစ်စီ အခမ်းအနားတွင် ဆရာတော် ဦးဝေပုလ္လနှင့် ခရိုင်ဥက္ကဋ္ဌ၊ ခရိုင် အတွင်းရေးမှူးနှင့် အလှူရှင်ရှစ်ဦးတို့က အုတ်မြစ်စီကြပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်များ၏ ပထမ အကြိမ်လှူဒါန်းငွေကျပ် ၅၆သိန်းကျော်ကို ခရိုင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။

အလှူရှင်များ ဆက်သွယ်လှူဒါန်းလိုပါက ထန်းပင်ကျောင်းပရိယတ္တိ စာသင်တိုက် ဖုန်း–၀၄၅–၄၀၀၆၈ နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဖုန်း–၀၄၅–၄၀၁၁၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အလှူရှင်နှင့် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် တောင်ရင်းကျေးရွာရှိ နှစ်လက်မ ပေ ၄၀၀ စက်ရေတွင်းကို စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် လက်ထောက် အင်ဂျင်နီယာ ဒေါ်အေးအေးဝင့်တို့ စက်ရေတွင်းမှ ရေထွက်မှုအခြေအနေနှင့် စက်များကြံ့ခိုင်မှု ရှိ/မရှိ မေ ၁၀ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့တွင်း လမ်းဘေးဝဲ/ယာတွင် ပန်းအလှပင်များ စိုက်ပျိုးရန် ပန်းခုံများပြုလုပ်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော် မေ ၂၅ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (က–ပ)

သောက်ရေကန်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

နမ့်ခမ်း မေ ၂၉

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ပါ ကျေးလက်ဒေသရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကောင်းဆာကျေးရွာရှိ ရေလှောင်ကန်နှင့် ရေစစ်ကန်များကို စုပေါင်းဆေးကြောခြင်း၊ ဆေးခတ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို မေ ၂၆ ရက်က ဆောင်ရွက်ကြသည်။

— ပါဝင်ဆောင်ရွက် —

ရေကန်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်အတွင်းရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိဦးမောင်တိုး၊ တာဝန်ခံအင်ဂျင်နီယာဦးသက်နိုင်ဦး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးလက် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်နယ်ညွှန်မှူး စည်ပင်လုပ်ငန်းများ ကွင်းဆင်းကြီးကြပ်

မြစ်ကြီးနား မေ ၂၉

ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်ချို သည် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ စည်ပင်သာယာရေး အဖွဲ့သို့ ရောက်ရှိပြီး မြို့သန့်ရှင်း သာယာလှပရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား မေ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးဂျီကွေ့ဖုံးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ကြေးမုံ The Mirror မြို့နယ်သတင်းများ



ယုဇနဆောက်လုပ်ရေး

အဖွဲ့ မှ အရှေ့ / မြောက် ဒဂုံမြေကွက်များ အထူးဈေးနှုန်း

(၁. ၆. ၀၄ မှ ၂၀. ၆. ၀၄) ထိ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် လိပ်စာ - 7,8 လမ်းဆုံ မီးပွိုင့်အနီး ပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။

☎- 700800,540745,540746,540747

သက်ဆိုင်သူများ ကန့်ကွက်လိုက ... ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဦးလှမြင့်(Kenny)
အသက်(၇၂)နှစ်

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုစိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန

မန္တလေးမြို့နေ (ဦးဝမ်ရှိန်–ဒေါ်စီ)တို့၏သား ၊ ရန်ကုန်မြို့ (၁၂၄၀)ကင်းဝန်လမ်း၊ ဒဂုံမြောက်မြို့နယ်နေ (ဒေါ်တင်တင်အုန်း(ခ)အေမီသွင်)၏ ခင်ပွန်း၊ (ဒေါ်တင်ဦး)၊ (ဦးမြင့်သိန်း)–ဒေါ်အေးသန်းတို့၏မောင်/ညီ၊ ဦးသိန်းဝင်း–ဒေါ်ခင်မလေးတို့၏အစ်ကို၊ ဦးလွင်ထူးလှမြင့် (Sunno) [2/o Hanseatic shipping Co., Ltd.]–ဒေါ်စိုးစိုးအောင်(မိုမို)၊ ကိုအံ့မျိုးမင်း(Bunno)တို့၏ဖခင်၊ မသန့်ဟေမာန်လွင်၏ အဘိုးသည် ၆–၆–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄ (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

နေအိမ်မှကားများနံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

အဘ ဦးသန်းဌေး၏သမီး ရောဝတီတိုင်း လပွတ္တာမြို့နယ်၊ အလက(လပွတ္တာ) ဒုတိယတန်းမှ မသက်ထက်စံအား မခင်ချယ်ရီ သန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မခင်ချယ်ရီသန်း။

ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

အချစ်ဆုံးဖေဖေ **ဗိုလ်မှူးကြီးမြင့်အုန်း**(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အချစ်ဆုံးမေမေ **ဒေါ်ခင်ယုံ** တို့၏ ၈–၆–၂၀၀၄နေ့တွင် ကျရောက်သော နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင် လက်တွဲ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ–––။

သမီးကြီး – ဒုတိယဗိုလ်မှူးကြီးထင်ကျော်သူ(ကာကွယ်ရေးဝန်ကြီးဌာန)– ခင်နန္ဒာမြင့်
သမီးလတ် – ကြေးမုံမြင့်
သမီးငယ် – နေခြည်မြင့်
ချစ်မြေးလေး – ယွန်းမြတ်သူ(ယွန်းယွန်း)

ရက်ကန်းလုပ်ငန်းရှင်များဝမ်းမြောက်ဖွယ်

Polyester, Rayon, Silk များ ရက်လုပ်ရန်အတွက် အထူးစီမံထား၍ လက်ရှိအသုံးပြုလျက်ရှိသော အရည်အသွေးမြင့်မားသော High Quality အောက်ပါစက်များကို သင့်လျော်သောနှုန်းထားဖြင့်ရောင်းချရန်ရှိပါသည်။

(1) Tsudakoma Brand Power Loom and Dobby.
(2) Yamada, Tsudakoma Brand " High Speed Bobbin Winder"
(3) Yamada Brand " Twisting Machine"
(4) Kakinoki Brand " Warpping Machine"
(5) Yamada Brand " Pirn Winder <Auto System , Power Type>"

Polyester, Rayon, Silk ချည်များကို ဖြန့်ဖြူးရောင်းချရန်ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း– 01-502382, 01-526783



ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဒဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၄

ဒေါ်စန်းစန်းရီပါ–၅	**နှင့်**	**မူရာဂါနာသန်းပါ–၅**
မ–၅၇/အေ၊ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်		မ–၄၀၊ အင်းစိန်လမ်း၊ (၉)ရပ်ကွက်။ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(တရားလိုများ)		**(တရားပြိုင်များ)**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော (၁)မူရာဂါနာသန်း (၂)သီဂေဝလီ(၃)ကသီဝေလီ(၄)ဆန်ကာ(၅)ပါဝသီ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်တရားလိုများဖြစ်သော ဒေါ်စန်းစန်းရီပါ–၅က ပဋိညာဉ်တိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇွန်လ၁၀ရက် (၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော်၈ရက်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၄ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းဝေ
ဒုတိယခရိုင်တရားသူကြီး–၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ဝင်ငွေခွန်နှင့်အမြတ်ခွန်ဌာနခွဲ ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် အခွန်ထမ်းအားလုံးနှင့် ၁–၄–၂၀၀၃နေ့မှ ၃၁–၃–၂၀၀၄နေ့အထိ ဘဏ္ဍာနှစ်အတွင်း ကျပ်၁၀၀၀၀နှင့် အထက် ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့ထက်နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန်လိုအပ်ကြောင်း နှိုးဆော်ပါသည်။

၂။ ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် သမဝါယမအသင်းအားလုံးနှင့် ၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ်အတွင်း ကျပ် ၃၀၀၀၀နှင့်အထက် ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသည့် သမဝါယမအသင်းများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ အသင်း၏ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့ထက်နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန်လိုအပ်ပါသည်။ ထို့အပြင် ဝင်ငွေခွန်ဥပဒေနှင့်အကျုံးဝင်သည့် ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများနှင့် အခြားအခွန်ထမ်းများသည်လည်း ပြဋ္ဌာန်းထားသည့်အတိုင်း ပြည့်စုံစွာ ရေးသွင်းလက်မှတ်ထိုးထားသည့် ဝင်ငွေကြေညာလွှာများကို ဖော်ပြပါရက်အတွင်း ပေးပို့ရန်ဖြစ်ပါသည်။

၃။ ၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ်အတွင်း လစာတစ်မျိုးတည်းမှ ဝင်ငွေကျပ် ၃၀၀၀၀နှင့် အထက်ရရှိသဖြင့် ကျသင့်သည့်ဝင်ငွေခွန်ကို လစာထုတ်ပေးချိန်တွင် နုတ်ယူ ပေးဆောင်ပြီးဖြစ်သည့်ပုဂ္ဂိုလ်များသည် ဝင်ငွေကြေညာလွှာ သီးခြား တင်သွင်းရန်မလိုပါ။ သို့ရာတွင် အလုပ်ရှင်သည် အဆိုပါသူများ၏ လစာနှစ်ချုပ်စာရင်းကို ၂၀၀၄ခုနှစ် ဇွန်လ၃၀ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန် တာဝန်ရှိပါသည်။

၄။ ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပုံစံများကို သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။ ဝင်ငွေကြေညာလွှာကို လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှမှတ်ပုံတင်ချောစာဖြင့် ပေးပို့နိုင်ပြီး လူကိုယ်တိုင်ပေးပို့ပါလျှင် လက်ခံရရှိကြောင်းအထောက်အထားကို သက်ဆိုင်ရာရုံးမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ မရှင်းလင်းသော အချက်များရှိပါက မြို့နယ်အခွန်ဦးစီးမှူးရုံးများနှင့် ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတို့တွင် မေးမြန်းနိုင်ပါသည်။

သန်းဌေးဆိုင်
ညွှန်ကြားရေးမှူး
ဝင်ငွေခွန်နှင့်အမြတ်ခွန်ဌာနခွဲ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းအေး

အသက်(၈၇)နှစ်

(စိန်ပဒေသာ၊ သာယာဝတီမြို့)

ဦးခင်ဝင်း–ဒေါ်နုနုစန်း(အောင်စကြာကုမ္ပဏီ၊ ခင်ဝင်းအော်တိုမိုဘိုင်း အင်တာပရိုက်)နှင့် ဦးစိန်ထွေး–ဒေါ်ခင်စန်းလွင်(ပုလဲစတိုးနှင့် တာယာ ရောင်းဝယ်ရေး–ပြည်မြို့)တို့၏မိခင်ကြီး ဒေါ်သန်းအေး(စိန်ပဒေသာ၊ သာယာ ဝတီမြို့)သည် ၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁။	ဦးမူဆာ(ခ)ဦးလှဌေး	Bismillah -Tyre (Moe Myint Htay Int' Co.Ltd)
၂။	ဦးဝင်းထိန်	(ဧကရာဇ်တာယာရောင်းဝယ်ရေး)
၃။	ဦးသိန်းဇော်နှင့်တူများ	(Lucky Man Co.,Ltd)
၄။	အနော်ရထာ	တာယာဆိုင်မိသားစု
၅။	ဦးပေါ်လိန်း	တာယာရောင်းဝယ်ရေး
၆။	ဦးခင်စိန်နှင့်တူများ	တာယာရောင်းဝယ်ရေး
၇။	ဦးဝင်း	(Win Cherry Co.,Ltd)
၈။	ဦးကျော်သက်နှင့်ညီများ	(Aung Kaung Zan Co.,Ltd)
၉။	Tri Star General Trading Co.,Ltd	
၁၀။	ဦးတင်ရွှေ	(Siam Star Co.,Ltd)
၁၁။	ရွှေအားမာန်	တာယာရောင်းဝယ်ရေး
၁၂။	ရွှေပြည်ကျော်	တာယာရောင်းဝယ်ရေး
၁၃။	အကျင်းနှင့်ညီများ	တာယာရောင်းဝယ်ရေး
၁၄။	ဦးတော်မီ	(ဧကဒီပါကုမ္ပဏီလီမိတက်)
၁၅။	ရွှေမြိုင်	တာယာရောင်းဝယ်ရေး
၁၆။	ဦးလှမြင့်	(Hla Myint Trading Co.,Ltd)
၁၇။	ဦးဌေးမြင့်	(ကွန်ပျူတာ တာယာရောင်းဝယ်ရေး)
၁၈။	ခင်ဇော်နှင့်ညီများ	(မော်လမြိုင်တာယာဆိုင်)
၁၉။	ရွှေကြည်သာမိသားစု	
၂၀။	ကိုကျော်ဆန်းမြင့်နှင့်ညီများ	(Happy Brothers Trading Co.Ltd)
၂၁။	မန္တလေးပါဝါကုမ္ပဏီလီမိတက်	

ငြိမ်းချမ်းရေး

TV, VIDEO, VCD
အိမ်အရောက်ပြုပြင်ပေးသည်။
No-41 သမ္မာဒိဋ္ဌိလမ်း
ကျောက်မြောင်း၊ ဖုန်း–၅၄၈၁၉၇။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးတင်အောင်

အသက်(၇၄)နှစ်

(အငြိမ်းစား)
OTS–၈

(ဦးကြင်စိန်–ဒေါ်သိန်းတင်)တို့၏ သား၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ၊ သီရိလမ်း၊အမှတ်(၃/၄) နေ ဒေါ်ညွန့်ညွန့်အေး၏ ခင်ပွန်း၊ ဦးမင်းအောင်သူ(အင်ဂျင်နီယာမှူး၊ ဒဂုံ တက္ကသိုလ်)–ဒေါ်မွေးမွေး၊ ဦးအောင်မြင့် (ဒု–ပါမောက္ခချုပ်၊ မုံရွာစီးပွားရေး တက္ကသိုလ်)–ဒေါ်ချိုချိုအောင် (အင်ဂျင် နီယာမှူး–မြန်မာ့ရုပ်/သံ)၊ ဦးမြင့်စိန်– ဒေါ်ယဉ်မေအောင်(ဦးစီးအရာရှိ–စိုက်/ မွေး)၊ ဦးဇော်လင်း–ဒေါ်မြင့်မြင့်အောင်၊ ဦးမင်းကျော်သူ–ဒေါ်ဝါဝါထွန်း၊ ဗိုလ်ကြီး ထွန်းနေအောင် (တပ်မတော်–ရေ)– ဒေါ်ဝင်းအိသိန်းတို့၏ ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၆–၆– ၂၀၀၄ရက် နံနက် ၀၀း၂၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါက်တာဦးသိန်းညွန့်
Reggie Kyaw Nyunt(ခ) ကိုတွတ်
အသက်(၅၉)နှစ်
ဆေးမှူးချုပ်၊ အားကစားဝန်ကြီးဌာန

၂–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာဦးသိန်းညွန့် နာမကျန်းဖြစ်စဉ် ဝိုင်းဝန်းပြုစုကုသပေးခဲ့ကြသော ဆရာဝန်၊ ဆရာမများအား လည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် ကြွရောက်၍လိုလေသေးမရှိအောင် ကူညီပံ့ပိုးအားပေးနှစ်သိမ့်ခဲ့ကြသော အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊ အား/ကာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ အား/ကာ ဦးစီးဌာနမှ အရာရှိကြီးများ၊ အရာထမ်းများ၊ အမှုထမ်းများအား လည်းကောင်း၊ အားကစားအဖွဲ့ချုပ်အသီးသီးနှင့် အားကစားသမားများအား လည်းကောင်း၊ SS Food Channel နှင့် သပြေရိပ် Tea Center မိသားစုများအားလည်းကောင်း၊ Air Mandalay မိသားစုနှင့် Myanma Air Way မိသားစုများအား လည်းကောင်း၊ ဈာပနအခမ်းအနားတွင် လိုက်ပါပို့ဆောင်ပေးခဲ့ကြသော မိသားစုဝင်များ၊ ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ခဲ့ကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးညွန့်ဝေ(၆၈)နှစ်

မြန်မာနိုင်ငံ အရိုးအထူးကုဆရာဝန်အသင်း ဥက္ကဋ္ဌဟောင်း အရိုးအထူးကုဆရာဝန်ကြီးဒေါက်တာဦးညွန့်ဝေသည် ၇–၆–၂၀၀၄ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရိုးရောဂါအထူးကုဆရာဝန်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း။

ဦးအောင်မင်း(ခ)ဦးအင်စိုး
အသက် (၇၂)နှစ်
တိုင်းရင်းဆေးဆရာကြီး
စစ်မှုထမ်းဟောင်း
(မြိတ်)

မြိတ်မြို့၊ အမှတ်(၁၄၃)၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ (ဦးမဲ–ဒေါ်စိန်အေး)တို့၏သား၊ (ဦးစုတင်–ဒေါ်ဖွားရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၀၉)၊ ဗဟိုလမ်း (ရှမ်းလမ်း)၊ အလုံမြို့နယ်နေ (ဒေါက်တာဘာလင်)–ဒေါ်အင်စိန်တို့၏တူသား၊ ဒေါ်အင်ကြူ၊ (ဦးစိုးကြီး)–ဒေါ်သန်းကြည်၊ ဒေါက်တာအောင်သန်း(မျက်စိအထူးကုဆရာဝန်ကြီး၊ ငြိမ်း)–ဒေါ်စတယ်လာတို့၏ ညီ/မောင်၊ ဦးမျိုးသန့်–ဒေါ်တင်ရီ၊ (ဦးထွန်းအောင်)–ဒေါ်မြကြူ၊ ဦးစံအေး–ဒေါ်အေးကြူ၊ ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ ဒေါ်ထွေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးခင်ဇော်–ဒေါ်ဖြူဖြူဝင်း၊ မခင်ခင်ချို၊ မခိုင်ခိုင်ဝါ(မစု)တို့၏ မွေးသဖခင်၊ မအိဇော်ဖြူ၊ မဆုဇော်ထိုက်တို့၏ အဘိုး၊ တူ၊ တူမ ၁၃ယောက်တို့၏ ဦးကြီးသည် ၇–၆–၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၁၁–၆–၂၀၀၄(သောကြာနေ့)မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၀၉)၊ ဗဟိုလမ်း(ရှမ်းလမ်း)နေအိမ်နှင့် မြိတ်အသင်းမှကားများနံနက် ၁၁း၃၀နာရီ ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းဒါယကာ
ဦးကျော်လွင်
အသက်(၆၃)နှစ်

(ဦးသိန်းမောင်–ဒေါ်ခင်တင့်)တို့၏သား၊ (ဦးဒါန)–ဒေါ်တင်ရွှေတို့၏ သားသမက်၊ဒေါ်ညွန့်ကြည်၏မောင်၊ ဦးရဲကျော်၊ ဦးတင်သိန်း–(ဒေါ်ကြည်ကြည်သိန်း)၊ ဦးအောင်ကျော်စိုး–ဒေါ်တင်တင်ဌေး၊ ဦးစိုးနိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊တိုက်(၂/၅၁၀)နေ ဒေါ်ခင်စောဦး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကျော်ဦး–မခင်သန္တာထွန်း၊ ကိုအောင်လွင်ဦး–မတိုးသုန်အောင်၊ ဦးကျော်ဇင်ဦး–မနီနီဝင်း၊ ကိုသက်လွင်ဦးတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉–၆–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉း၄၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်အေး (၇၅)နှစ်
ကစလ–ငြိမ်း

(ဦးဘသောင်း–ဒေါ်တင်ကြည်)တို့၏သား၊ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်၊ ဦးမြင့်သိန်းတို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ အမှတ်(၂၀၇/က)၊ တိမ်ကြားမင်းခေါင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ ဒေါ်ခင်မေ၏ ခင်ပွန်း၊ ဦးသန်းလွင်–ဒေါ်ခင်မမ၊ (ဦးအောင်ဝင်း)–ဒေါ်လှလှဝေ(ခ)ဒေါ်နန်းဝေ၊ (ဦးမျိုးဆန်း)– ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းအောင်–ဒေါ်မာလာကြည်၊ ဦးမောင်မောင်ဌေး–(ဒေါ်ချိုလဲ့ရည်)၊ ဦးအောင်မိုး–ဒေါ်သန်းသန်းနု(မင်္ဂလာဈေး)၊ [ဒေါ်တင်မေကြည်(ခ)ဒေါ်ရွှေကြည်မေ]၊ ဦးခင်မောင်အေး–ဒေါ်အေးအေးခိုင်တို့၏ ဖခင်၊ မြေး ၂၂ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး ဦးတင်အေးသည် ၆–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း
ဒေါက်တာဦးညွန့်ဝေ
အသက်(၆၈)နှစ်
ကထိက
အရိုးအထူးကုဆရာဝန်ကြီး(ငြိမ်း)
(မြစ်ကြီးနား)

မြစ်ကြီးနားမြို့နေ (ဦးခန်း–ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်–ဒေါ်အမာရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၈၈)၊ ၄၀(၂)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်သီတာလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကေအောင်စိုး–ဒေါ်သိန်းသိန်းစိုး၊ ဒေါ်ခင်မာဝေ–ဦးခင်မောင်မြင့်၊ ဒေါ်ခင်မာဆွေ–ဦးသူရ၊ဦးအောင်အောင်–ဒေါ်ဆောင်ဝမ်၊ ဦးမြင့်အောင်–ဒေါ်ခိုင်မာလွင်၊ (ဦးဇော်ဝင်း)–ဒေါ်ဥမ္မာလွင်၊ ဦးမျိုးဇော်ထွန်း–ဒေါ်ကေသီလွင်၊ ဦးကျော်ကျော်လွင်–ဒေါ်ရွှေရွှေသန်း၊ ဦးညီညီလွင်–ဒေါ်မွန်မွန်ချိုတို့၏ အစ်ကိုကြီး၊ ကိုကျော်ဖြိုးဝေ (Final Part II M.B.,B..SIM-1)–မခိုင်နှင်းလွင်၊ မအိမ့်သရသူတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မရွှန်းလဲ့ယုယဝေ(ခ)ယုကီ၏ ချစ်လှစွာသော ဘိုးဘိုး၊ တူ၊ တူမ ၁၅ယောက်တို့၏ဦးလေးသည် ၇–၆–၂၀၀၄ ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။





ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ဂျယ်နီ(အဖီးကျား)
အသက်(၉၂)နှစ်
ကုန်သွယ်ရေး–၆၊ ငြိမ်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၁)၊ ဦးလူမောင်လမ်းနေ (စောဒါးဘို–နော်စာ)တို့၏ သမီး၊ (နော်ထားစိန်–ဦးသိန်းဟံ)တို့၏ ညီမ၊ (ဦးစောအောင်–နော်ဖွိုင်အိုလက်)၊(ဗိုလ်ကြီးစောညီညီ)–နော်မုဖောတို့၏ အစ်မ၊ စောထူးဒီ–နော်ဒိုးရာ၊ စောထူးအယ်၊ စောထူးစေး၊ စောထူးဝါး (M.V.Great Sun -Seven Mountain Shipping Co., Ltd.,)–နော်ကပြူထူး (အမက–၆၊ အလုံ)၊ နော်ဆဲဖော(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ နော်ဝါးလယ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ စောသိန်းလွင်ဦး၊ နော်မင်းမင်းထူး၊ နော်နှင်းနှင်းထူး၊ စောဒီးနိုထူးထူး၊ စောဂျော့ထူးထူးတို့၏ အဖီး၊ နော်နီကမွီးထူး၏ ဖီးဖီးဖဒို၊ စောသောင်းလွင်၏ ချစ်လှစွာသောဇနီး နော်ဂျယ်နီ(အဖီးကျား)သည် ၇–၆–၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရန်ကုန် မြို့မ အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်း အသင်းတော် ဘုရားရှိခိုးကျောင်း အမှတ်(၆၂)၊ သီတာလမ်း (အနောက်ပိုင်းဆေးရုံအနီး)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတင်အောင် အသက်(၇၀)
ဥက္ကဋ္ဌ၊ (၅)ရပ်ကွက်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ၊ပန်းဘဲတန်းမြို့နယ်
စစ်မှုထမ်းဟောင်းအဖွဲ့
ပန်းဘဲတန်းမြို့နယ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၅၉)၊ ၂၈လမ်း၊ ပထမထပ်နေ (ဦးလှစိန်–ဒေါ်ငြိမ်းတင်)တို့၏ သား (ဒေါ်ခင်မြင့်၊ ဒေါ်မြင့်မြင့်)တို့၏ခင်ပွန်း၊ ဒုအရာခံဗိုလ်မြင့်လွင် – မသီသီထွန်း၊ မောင်ရဲအောင်လတ်–မကေသီပို့ပို့အေး၊ မောင်မောင်အောင်၊ မောင်အောင်သူရတို့၏ ချစ်လှစွာသောဖခင်၊ မောင်းမျိုးမြင့်အောင်၏ အဘိုးသည် ၇–၆–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးညွန့်ဝေ (၆၈)နှစ်
ကထိက
အရိုးအထူးကုဆရာဝန်ကြီး(ငြိမ်း)
(မြစ်ကြီးနား)

မြစ်ကြီးနားမြို့နေ (ဦးခန်း–ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်–ဒေါ်အမာရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၈၈)၊ ၄၀(၂)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်သီတာလွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကေအောင်စိုး – ဒေါ်သိန်းသိန်းစိုး၊ ဒေါ်ခင်မာဝေ–ဦးခင်မောင်မြင့်၊ဒေါ်ခင်မာဆွေ–ဦးသူရ၊ဦးအောင်အောင်–ဒေါ်ဆောင်ဝမ်၊ဦးမြင့်အောင်–ဒေါ်ခိုင်မာလွင်၊(ဦးဇော်ဝင်း)–ဒေါ်ဥမ္မာလွင်၊ ဦးမျိုးဇော်ထွန်း–ဒေါ်ကေသီလွင်၊ ဦးကျော်ကျော်လွင်–ဒေါ်ရွှေရွှေသန်း၊ ဦးညီညီလွင်–ဒေါ်မွန်မွန်ချိုတို့၏ အစ်ကိုကြီး၊ ကိုကျော်ဖြိုးဝေ(Final Part II M.B.,B..S IM-1)–မခိုင်နှင်းလွင်၊ မအိမ့်သရသူတို့၏ ဖခင်၊ မရွှန်းလဲ့ယုယဝေ(ခ)ယုကီ၏ ဘိုးဘိုး၊ တူ၊ တူမ ၁၅ ယောက်တို့၏ ဦးလေးသည် ၇–၆–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ၄၀(၂)လမ်း၊ အမှတ်(၈၈)သို့ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဗန်းမော်အသင်း
ဒေါ်ကြည်ကြည်အေး
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၆၇၊စိန်ပန်းလမ်း၊ သန်လျင်တံတားစီမံကိန်းဝင်း၊သာကေတမြို့နယ်နေ ဦးမြင့်ဆွေ၏ ဇနီးသည် ၂၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၅–၅–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာကြီး
ဦးရွှေ(၇၉)နှစ်

တွံတေးမြို့နယ်၊ ရခိုင်ချောင်ကျေးရွာ ဦးနိမ္မလနန္ဒ၏ ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၇၃)နေ (ဦးစံရှင်–ဒေါ်စော)တို့၏ သား၊ (ဦးညွန့်–ဒေါ်ညွန့်ရီ)၊ (ဦးတင့်–ဒေါ်တင်)၊ (ဒေါ်ကျင်ရီ)တို့၏ မောင်၊ ဒေါ်အေးကျင်၏ ခင်ပွန်း၊ ဦးသန့်ဇင်ထူး(မြေတိုင်းဦးစီးဌာန)–ဒေါ်မိုးမိုးဝင်း (အလက–၁၂၊အင်းစိန်)၊ ဦးညွန့်ဦး (Golden City) – ဒေါ်ညိုညိုစော (စာရင်းစစ်ချုပ်ရုံး)၊ ဦးစိုးမင်း–ဒေါ်ကျော့ကျော့ခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၇–၆–၂၀၀၄(တနင်္လာနေ့)တွင်ကွယ်လွန်ပါ၍ ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Ning Za Niang
အသက် (၇၆)နှစ်

ချင်းပြည်နယ် တီးတိန်မြို့နေ (Pu Cin Za Gin-Nu Ning Za Don) တို့၏သမီးကြီး၊ (Pu Hang Tual-Pi Goih Nial)တို့၏သမီးချွေးမ၊ (Pu Vul Za Thong ၊ မြို့နယ်ပညာရေးမှူး)၏ ဇနီး၊ Pu Thual Khaw Pau-Pi Man Khaw Cing၊ Pi Ning Ngaih Lian-Pu Nang Ngaih Pau တို့၏အစ်မ၊ Pu Tual Mang-Nu Tuan Zen Niang(Tedin)၊ Nu Don Khaw Hau-Pa Gin En Cin(Yangon)၊ Pa Pau Khan Thawn-Nu Go Ngaih Man၊ Nu Nuaan Lun Cing-Pa Cin Za Thoung (သာစည်)၊ Nu Man Deih Lian-Pa Lang Khan Paw(Yangong) တို့၏မွေးသမိခင်၊ မြေး၂၁ယောက် တို့၏ အဘွား၊တူ၊ တူမ ၁၆ယောက်တို့၏ အဒေါ်ကြီးသည် တီးတိန်မြို့နေအိမ်၌ ၆–၆–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၆–၀၄ရက်တွင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယကာကြီး
ဗိုလ်မှူးလှဌေး(အငြိမ်းစား)
OTS (15)
အသက်(၇၀)
ဒု–ဥက္ကဋ္ဌ၊ မြိုင်သာယာ ရွှေဘုံသာ
ဆုတောင်းပြည့်စေတီတော်
ဂေါပကအဖွဲ့

ရန်ကုန်မြို့၊ကျောက်မြောင်း၊အင်းဝလမ်းနေ (ဦးသောင်းတင်–ဒေါ်အုံးမေ)တို့၏ သား၊ ဘားအံမြို့နယ်၊ ထုံအိုင်ရွာ၊ အမှတ်(၆)နေ (ဦးရွှေဇင်–ဒေါ်မယ်သိုင်း)တို့၏ သားသမက်၊ မော်လမြိုင်မြို့၊ မြိုင်သာယာ ရပ်ကွက်၊ အမှတ်(၁၉၅)၊ ရာဇာဓိရာဇ်လမ်းနေဒေါ်ခင်သန္တာဝင်း (ခ)ဒေါ်ငွေဝင်း၏ ခင်ပွန်း၊ ဗိုလ်မှူးအောင်ဝင်းဌေး (ဒုတပ်ရင်းမှူး)–ဒေါက်တာငြိမ်းအေးထွန်း၊ ဒေါက်တာနိုင်ဝင်းဌေး(တိုက်နယ် ဆရာဝန်၊ ဇာသပြင်) – ဒေါက်တာနီနီဝင်း (လက်ထောက်ဆရာဝန်၊ သထုံခရိုင်ဆေးရုံကြီး)၊ ဗိုလ်မှူး(ဗိုလ်ကြီး)ဇော်ဝင်းဌေး တပ်မတော်(ရေ)– ဒေါ်နွယ်နီအောင်၊ ဒေါက်တာဝင်းပပဌေး(လက်ထောက်ဆရာဝန်၊ မော်လမြိုင်)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၆–၆–၂၀၀၄ (တနင်္ဂနွေနေ့) ည၁၀း၃၀နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၁၀–၆–၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မော်လမြိုင်ဆေးရုံကြီးမှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘဝင်း (၄၃)နှစ်
ကားဝပ်ရှော့

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ ကျန်းမာရေးလမ်းနေ (ဦးအောင်ကြည်)–ဒေါ်စွမ်တို့၏ သားကြီး၊ ထူပါရုံ (၃)လမ်းနေ (ဦးထွန်းဖဲ)–ဒေါ်သန်းသန်း(ကိုကိုနိုင်ပရိဘောဂ–၂)တို့၏ သားသမက်၊ မောင်ဇာဏီထွန်း၊ မောင်နိုင်ကိုဝင်း B.C.Sc(1st Year M.D.Y)၊ မမြသော်တာဝင်း(အထက–၁၊သာကေတ၊ VIII-A)တို့၏ မွေးသဖခင်၊ ဒေါ်မိမိသော်၏ ချစ်လှစွာသောခင်ပွန်းသည် ၇–၆–၂၀၀၄(တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ထူပါရုံ ၃လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်သန်း(စံရိပ်ငြိမ်)
အသက်(၈၁)နှစ်
(မန္တလေး)

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နေ (ဦးမြ–ဒေါ်အေးခင်)တို့၏ သမီး၊ မန္တလေးမြို့၊ သီတာအေး၊(၉၀၂)ရပ်ကွက်၊ ပိတောက်လမ်းနေ အငြိမ်းစားရုံပိုင်ကြီး (ဦးကျော်)၏ဇနီး၊ ဦးသိန်းထွန်း–ဒုရဲမှူး၊ ငြိမ်း)–ဒေါ်စန်းစန်း၊ ဦးစောဝင်း(စာတိုက်၊ ကြေးနန်း၊ငြိမ်း)–ဒေါ်ပြုံး(အထက–၂၊ ဒဂုံ)၊ ဦးလှမြင့်(ဟိုတယ်/ခရီး၊ ငြိမ်း)–ဒေါ်ဌေးဌေးအေး(အလက–၁၄၊မန္တလေး)၊ ဦးသက်ဖေ(ပ–ဓာတ်ခွဲမှူး၊လားရှိုးဆေးရုံ)–ဒေါ်ပုလဲဖော၊ ဦးကျော်ဇော(ဒုရဲအုပ်)–ဒေါ်သီတာခိုင်၊ ဦးဆန်းလွင်(ဗာ/ဆေး၊ စက်မှူး–၁၊ငြိမ်း)၊ ဦးခင်မောင်ဦး (ဟိုတယ်/ခရီး)–ဒေါ်ခင်ဆွေဝင်း (အလက–၅၊မန္တလေး)တို့၏ မိခင်၊ မြေး၂၁ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၆–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ (၆၃)နှစ်
ကုန်သွယ်/လယ်ယာမန်နေဂျာ(ငြိမ်း)
(တိုက်ကြီး)

တိုက်ကြီးမြို့၊ ဇောခိကုန်းရပ်ကွက်၊ ပြည်လမ်းနေ ဦးဘကြင်–ဒေါ်ဖွားချို တို့၏သား၊ဒေါ်ပုဆင်၏ ခင်ပွန်း၊ မခင်မိုးကြည်၊ မောင်အောင်မိုးဝင်း–မမိုးကလျာ၊ မစိုစိုးသန်း၊ မဝင်းဝင်းဝါတို့၏ ဖခင်၊ မိုးမိုးမြတ်သိမ်မွေ့၏ အဘိုး ဦးတင်ငွေသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂ နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဆရာဖုန်ကန်ဇော်တောင်
အသက်(၄၅)နှစ်
ဓမ္မဆရာ

မြစ်ကြီးနားမြို့၊ စီတာပူနေ (Capt. ဒူဝါဖုန်ကန်ဇော်နော်)–ဒူဂျန်ဟော်ဝါးဂျာဘူတို့၏ တတိယသား၊ အမှတ်(၇၇)၊ ရွှေမေတ္တာလမ်း၊ ရပ်ကွက်(၃)၊ ကသာမြို့နေ တောအုပ်ကြီး ဦးမိုးဆွေ–ဒေါ်စုစုတင်တို့၏သားသမက်၊ ဦးရှဒနလရိန–ဒေါ်ဖုန်ကန်နန်ဆိုင်း၊ ဦးသန်းအေး–ဒေါ်ဒေစီဇော်နော်၊ဦးဖုန်ကန်ဇော်အောင်–ဒေါ်အင်ရှန်လုပါ၊ ဦးဖုန်ကန်ခွန်နောင်–ဒေါ်စန်းစန်းလွင်၊ ဦးလရှီးတူဂျာနှင့် ဒေါ်ဖုန်ကန်ဂျာရော်တို့၏ညီ/မောင်၊ ဦးလဖိန်လထွယ်နှင့် ဒေါ်ဖုန်ကန်နန်ထန်၊ ဦးဖုန်ကန်ဇော်လွမ်–ဒေါ်ကရိန်ခေါ်န်ရာ၊ ဦးဖုန်ကန်ဇော်တန် – ဒေါ်ခါးရာတို့၏ အစ်ကို၊ မနီလာစိုး၏ ခင်ပွန်း၊ ဖုန်ကင်ဖုန်အောင်ဒူ–ဖုန်ကန်ဂျာနော်တို့၏ ဖခင်သည် ၆–၆–၂၀၀၄ရက် ည၈း၄၄နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးခန်း၌ ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၆–၂၀၀၄ရက်တွင်ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ စမ်းချောင်းမှကားများ နံနက်၈း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဘဝင်း(၄၃)နှစ်
ကားဝပ်ရှော့

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ကျန်းမာရေးလမ်းနေ (ဦးအောင်ကြည်) – ဒေါ်စွမ်တို့၏ သားကြီး၊ ထူပါရုံ(၃)လမ်းနေ (ဦးထွန်းဖဲ)–ဒေါ်သန်းသန်း(ကိုကိုနိုင်၊ ပရိဘောဂ–၂)တို့၏ သားသမက်၊ ဦးကြည်အောင်–ဒေါ်သင်းသင်းညွန့်၊ ဦးမောင်မောင်စိုး–ဒေါ်ချိုချိုဝင်း (နောင်ရိုးပရိဘောဂ)၊ ဒေါ်မြမြဝင်း(ခ)ဒေါ်မူမူ၊ ဦးကိုကို–ဒေါ်ခင်သီတာ(ကောင်းမြတ်သူပရိဘောဂ)၊ ဦးကိုကိုနိုင်–ဒေါ်နွဲ့နွဲ့ရီ(ကိုကိုနိုင် ပရိဘောဂ–၁)၊ ဦးကိုကိုခိုင်၊ ဒေါ်သန်းသန်းအေးတို့၏ညီ/မောင်၊ဦးခင်မောင်တင့်–ဒေါ်စန်းစန်းတင့်တို့၏ အစ်ကို၊ မောင်ဇာဏီထွန်း၊ မောင်နိုင်ကိုဝင်း B.C.Sc(1st year M.D.Y)၊ မမြသော်တာဝင်း (အထက–၁၊ သာကေတ၊ VIII-A)တို့၏ မွေးသဖခင် ဒေါ်မိမိသော်၏ ချစ်လှစွာသောခင်ပွန်းသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍၉–၆–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ထူပါရုံ ၃လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုညီညီခိုင်(၃၉)နှစ်
(ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၄)၊ သီတာလမ်းနေ (ဦးပန်းခိုင်)–ဒေါ်သန်းအေးတို့၏ သား၊ မဝေဝေခိုင်၊ (ကိုတင်မြင့်)၊ မဝင်းဝင်းခိုင်၊ မညိုညိုခိုင်၊ ကိုထွန်းထွန်း–မတင်တင်ဝင်းတို့၏မောင်၊ ကိုမြင့်ခိုင်–မနွယ်နွယ်တို့၏ ညီ၊ ကိုမောင်မောင်ခိုင်၊ မောင်ထက်ဝေယံထွန်း၊ မောင်ညီမ်းစိုးအောင်တို့၏ ချစ်လှစွာသော ဦးလေးသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် သစ်ညိုကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်စောကြည်(၈၃)နှစ်
(ကွမ်းခြံကုန်း)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ခြံအမှတ်(၂၆)၊ ဗိုလ်ရာညွန့်လမ်း၊ တိုက်(၂)၊ (ဃ)နေ(ဦးဘရှိန်–ဒေါ်စိမ်းမြ)တို့၏သမီး၊(ဦးစိန်အေး၊အငြိမ်းစား၊ဒု–အယ်ဒီတာချုပ်၊ ယခင်လုပ်သားပြည်သူ့နေ့စဉ်)၏ဇနီး၊ (ဦးသန်းညွန့်)–ဒေါ်မြသန်း၊ (ဦးညွန့်သန်း–ဒေါ်ခင်မြ)တို့၏ညီမ၊ ဦးအောင်ထွဋ်၊ Professor Dr.ဟန်မြင့်(Rush University Medical Center)- Dr.အေးအေးကြည် ၊ ဒေါ်အေးအေးမြင့်၊ Dr.ခင်တိုး–Dr.သန်းသန်းအေး၊ ဦးဉာဏ်ဝင်း–ဒေါ်စုစုမာတို့၏ ချစ်လှစွာသော မိခင်၊David Myint ၊William Toe၊ Jonathan Toe ၊မေသူခိုင်(အထက–၁၊ဒဂုံ)၊ မြတ်မြတ်သင်း(အထက–၁၊ ပန်းဘဲတန်း)၊ သုထူးဖဲ(အထက–၁၊ လသာ)တို့၏ ချစ်လှစွာသောဘွားဘွားကြီးဒေါ်စောကြည်သည် ၆–၆–၂၀၀၄ရက်တွင် ကွယ်လွန် သွားပါ၍ ၈–၆–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉း၄၅နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်(ခ)လီမင်ကြည်
အသက် (၇၉)နှစ်
Shwe Yee & La Wun Aye Co., Ltd

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ အမှတ် (၇၈/၃ ထပ်) လမ်းမတော်လမ်းနေ၊ (ဒေါ်လင်ရှုပ်မင်း)၏ခင်ပွန်း၊ မတင်လှ(ခ)လီလေစွ၊ ဦးသန်းစိန်–ဒေါ်ကြော့မှူးအောင်၊ကိုသန်းအောင်(ခ)လီတန်ကျော်၊ ကိုမောင်အေး၊ ကိုတင်မောင်ဝင်း၊ မလီလေဝုတ်(ခ)မသန်းသန်းရွှေ၊ [မောင်ထွန်းအေး(ခ)လီတန်လင်]တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အောင်ကောင်းမိုး၏ အဘိုးသည် ၆–၆–၂၀၀၄ရက်တွင် အမှတ်(၅၂)၊ (၁၇)လမ်း မြေညီထပ်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ရက် နံနက် ၁၁နာရီတွင် အအထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောထွန်းစိန်(ခ)
စောအယ်ဒီပိုလို
အသက်(၇၃)နှစ်
ဆည်မြောင်း(ငြိမ်း)၊ သန်လျင်

သန်လျင်မြို့၊ မြို့သစ်အရှေ့ရပ်ကွက်၊ အမှတ်(၅၁)၊ ဟံသာဝတီလမ်းနေ (ဦးမြလွယ်–ဒေါ်စိန်)တို့၏ သား၊ ကျိုက်အင်းကျေးရွာနေ (ဦးသိန်းဖေ–ဒေါ်အေးခင်)တို့၏ သားသမက်၊ (ဒေါ်သိန်းတင်)၏ခင်ပွန်း (ဒေါ်ဖြူးတီ)၏မောင်၊ ဦးဗိုလ်သိန်း–ဒေါ်ဖြူးလာလွယ်တို့၏ အစ်ကို၊ တကကတင်မောင်စိန် (တပ်မတော်–လေ)–ဒေါ်အေးအေးသန့်၊ ဦးမျိုးနိုင်ထွန်း–ဒေါ်ချိုချိုမာ၊ ဦးတင်မောင်ထွန်း–ဒေါ်သန်းသန်းဆွေ၊ ဒေါ်နီနီမာ (အမှတ်–၂၊ စက္ကူထုပ်ပိုး၊ သန်လျင်)၊ ဦးတင်မောင်လှ(ဥပဒေရုံး–သန်လျင်)–ဒေါ်ချိုချိုလွင်တို့၏ဖခင်၊ ဦးစောနေထွန်း(ခ)ဆရာချိုပုံ၏ဦးလေး၊မြေးလေးယောက်တို့၏အဘိုးသည် ၇–၆–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉–၆–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ဝတ်ပြုကိုးကွယ်ပြီး သန်လျင်မြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ၃၃/B၊ သာသနာ့ရိပ်သာရပ်ကွက်နေ (ဦးသာဟန်၊ မော်ကွန်း/ရုပ်ရှင်၊ငြိမ်း)၏ဇနီး၊ ဦးရွှေသိန်း (မြန်မာ့ရုပ်မြင်သံကြား)–ဒေါ်ဌေးဌေးဝင်း၊ မတင်သိန်း၊ (ဦးအောင်သိန်း)–မချို၊ ဦးစိုးလတ်သိန်း–ဒေါ်နွယ်နွယ်အောင်၊ဦးမျိုးသိန်း–ဒေါ်နှင်းနှင်းရီ၊ ဦးစောကဲ–ဒေါ်အေးအေးသိန်း၊ ကိုဝင်းထွေး(မော်ကွန်းရုပ်ရှင်)–မနွဲ့ယဉ်ဝင်း၏ မိခင်၊မြေး၂၄ယောက်၊မြစ်ခြောက်ယောက်တို့၏အဘွားသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍၉–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တကက အောင်သာထွန်း(ခ)
မောင်ကြီး(၅၂)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လေးဒေါင့်ကန်စံပြရွာ၊ ဘူတာပိုင်းနေ (ဦးကာစင်)–ဒေါ်ပွား၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးစံသာဖြူ–ဒေါ်လုံးထုန်တို့၏ သား၊ ဒေါ်တင်နွဲ့၏ ခင်ပွန်း၊ မောင်ဆွေနိုင်ဦး–မယဉ်ယဉ်ထွန်း၊ မသဇင်နွယ်၊ မောင်ဇင်ညိုထွန်း၊ မောင်ကျော်လင်းထွန်း၊ မောင်သန်းထိုက်၊ မမေဆန်းဦး၊ မောင်ခိုင်ထူး၊ မောင်ရဲထွန်းအောင်တို့၏ ဖခင်သည် ၆–၆–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးရှာရှိကောင်း (၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၇)၊ ပထမထပ်၊ (၁၆)လမ်းနေ [ဒေါ်ဗိုကက်(ခ)ဒေါ်ချစ်ခင်]၏ခင်ပွန်း၊ ဒေါ်ရင်ရွှေ–ဦးကျော်မြင့်၊ဦးထွန်းမြင့်–ဒေါ်ရီရီခိုင်၊ ဒေါ်ရင်ရင်၊ ဦးဌေးအောင်–ဒေါ်ချိုရီတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး။ မြစ်တစ်ယောက်၏အဘေးသည် အထက်ပါနေအိမ်၌ ၇–၆–၂၀၀၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်မြင့်(ခ)အာစိယဟ်
အသက်(၉၁)နှစ်

(ဦးလှခင်–ဒေါ်မေကြူ)တို့၏သမီး၊ (ဦးဘ)၏ဇနီး၊ဒေါ်မြင့်မြင့်ကြည်၊ဒေါ်တင်ကြည်–(ဦးကုလာမြား)၊ (ဦးမြင့်သိန်း)–ဒေါ်စန်းရီတို့၏ မိခင်၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉ လမ်း၊ အမှတ်(၂၃)နေ အလ်ဟာဂျ်မုဖ်သီဦးမြင့်သိန်း(ငြိမ်းချမ်းလုလင်)–ဟာဂျီမဒေါ်ခင်စန်းလွင်၊ ဦးစိန်ဝင်း–ဒေါ်သင်းသင်းလှိုင်၊ ကပ္ပတိန်အောင်တင်ဝင်း–ဒေါ်ဥမ္မာကို၊ ဆရာဦးစိန်ဌေး–ဒေါ်ဥမ္မာဦး၊ ဒေါ်ခင်မာကြည်–ဦးအောင်မိုး၊ ဒေါ်ခင်မာစိန်၊ ကိုခင်မောင်ကြည်၊ ကိုခင်မောင်ထွေးတို့၏ အဘွား၊ မြေ၂၀၊မြစ်၂၆ယောက်၊တီတစ်ယောက်တို့၏ အဘွားသည် ၄–၆–၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့တွင်ရေဝေး မွတ်စလင်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်တင်တင်အေး(၇၂)နှစ်
အငြိမ်းစားဆရာမ
(ပဲခူး–ညောင်လေးပင်)

ပဲခူးမြို့နေ (ဦးလှတင်–ဒေါ်သန်းရှင်)တို့၏ သမီးကြီး၊ ညောင်လေးပင်မြို့နေ(ဦးသောင်းတင်–ဒေါ်ထွေးထွေး)တို့၏သမီးချွေးမ၊ (ဦးတင်ငွေ၊ မြို့နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်သောင်း–ဒေါ်ခင်ခင်စု၊ ဦးမြင့်ဝင်း–(ဒေါ်မမကြီး)တို့၏ညီမ၊ဒေါ်တင်တင်မြင့်၊ ဦးပြည်ညွန့်–ဒေါ်တင်တင်ဦးတို့၏အစ်မ၊ ဦးဝင်းမော်(သစ်တောဦးစီးဌာန)–ဒေါ်ခိုင်မေဦး၊ ဦးသန့်ဇင်(ဓာခြည်မင်းဆေးစတိုး)–ဒေါ်ခင်သန့်ထူး၊ ဦးမောင်မောင်ကျော် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–ဒေါ်သစ်သစ်ခိုင်(DBE-1)၊ ဦးအောင်ကျော်ဦး–ဒေါ်အေးအေးသန့်၊ မဇင်စုလှိုင်တို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆–၆–၂၀၀၄ရက်တွင် ရန်ကုန်မြို့၊ အမှတ်(၆၅/A-4)၊ ၉၃လမ်း၊ ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄(အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြည့်ရှု



ရန်ကုန် ဇွန် ၇

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှုသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪



ဖူးမြော်ကြည်ညို

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ ဘွဲ့ရ ရဟန်းတော်များနှင့် သင်တန်းသားသစ် ရဟန်းတော်များအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၇/၂၀၀၄)တွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေး အင်တိုက်အားတိုက်ဆောင်ရွက်

ကိုယ်စားလှယ်များ၏ နိုင်ငံတော်အကျိုးအတွက် အပြုသဘောဆောင်သော ကောင်းမြတ်သင့်လျော်သည့် အကြံဉာဏ်ကောင်းများကို လက်ခံစဉ်းစားမည်

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)ကို ယနေ့နံနက် ၉နာရီ မိနစ် ၂၀တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်း ကော်မတီဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွှန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ညှိနှိုင်းဆွေးနွေး

ဇွန်၇ရက်က အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးစဉ်။

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များ စိတ်အပန်းဖြေရေး ဂီတနှင့်ရုပ်ရှင်အနုပညာရှင်များက ဖျော်ဖြေ

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ညစဉ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ထို့ကဲ့သို့ ညစဉ်ဖျော်ဖြေတင်ဆက်ရာ၌ ယမန်နေ့ ညပိုင်းတွင် မိုးသောက်ပန်း(Aurora) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်ပွဲမစတင်မီ အမျိုးသားညီလာခံကိုယ်စားလှယ် ဂီတစာဆိုဟသ်ာတဦးမြင့်ငွေက **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❃**